
# မြန်မာစစ်အာဏာသိမ်းမှု လပေါင်း (၃၀)

## အိန္ဒိယနိုင်ငံ၏ မြန်မာ့ရေးရာမူဝါဒနှင့် ဆက်ဆံရေးအခြေအနေ သုံးသပ် အစီရင်ခံစာ

**ဖေဖော်ဝါရီ ၂၀၂၁ - ဇူလိုင် ၂၀၂၃**





ဗမာ့ရေးရာနှင့် ပဋိပက္ခလေ့လာရေး (BACS) နှင့် INDIA FOR MYANMAR တို့ ပူးပေါင်းပြုစုသည်။

info@burmaacs.org

info@india4myanmar.net

# အဖွဲ့မိတ်ဆက်

## ဗမာ့ရေးရာနှင့်ပဋိပက္ခ လေ့လာရေး

## Burma Affairs and Conflict Study - BACS

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီတွင် စတင်ဆုံစည်းစုဖွဲ့ခဲ့၍ နောက်ခံမတူညီသည့် နယ်ပယ်အစုံမှ လူငယ်တော်လှန်ရေး သပိတ်သမားများ ပူးပေါင်းတည်ထောင်ထားသော အချက်အလက်စုဆောင်းသည့် မြေအောက်လှုပ်ရှားသည့် အဖွဲ့မှ လူငယ်များသည် ယခု "ဗမာ့ရေးရာနှင့်ပဋိပက္ခလေ့လာရေး (Burma Affairs and Conflict Study – BACS)" အဖွဲ့ကို ထပ်မံဖွဲ့စည်းခဲ့သည်။ အဖွဲ့၏ ကနဦးလုပ်ငန်းများကို ၂၀၂၂ ခုနှစ် စက်တင်ဘာလမှ စတင်ကာ လည်ပတ်ဆောင်ရွက်ခဲ့သည်။ BACS သည် စစ်အာဏာရှင်စနစ်မှန်သမျှ အမြစ်ပြတ်ကျဆုံးရေးနှင့် တော်လှန်ရေးကာလအလွန်တွင် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုရရှိရေး ဟူသည့် အဓိက ရည်မှန်းချက်များကို ဦးတည်၍ အကြမ်းဖက်စစ်အုပ်စု၏ လှုပ်ရှားမှုမှန်သမျှကို စောင့်ကြည့်လေ့လာ မှတ်တမ်းတင်နေသည့် အဖွဲ့ဖြစ်သည်။ အဖွဲ့၏ လုပ်ငန်းစဉ်များထဲမှ တနှစ်တာကာလ လှုပ်ရှားမှုအဖြစ် ၂၀၂၃ ခုနှစ်အတွင်းတွင် အကြမ်းဖက်စစ်အုပ်စု၏ တရားမဝင် အတုအယောင် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားမှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် ပြည်သူများအား အမုန်တရားနှင့် ကင်းကွာစေသော မှိုင်းတိုက်ဝါဒဖြန့်ချိမှုများ ပြုလုပ်နေခြင်းနှင့် စိတ်ဓာတ်စစ်ဆင်ရေး ပြုလုပ်နေခြင်းများကို လူမှုကွန်ရက် မီဒီယာများနှင့် အများရယူနိုင်သော သတင်းအချက်အလက်များအပေါ် အခြေခံ၍ သတင်းအချက်အလက်များ ရယူစောင့်ကြည့် မှတ်တမ်းတင်ကာ အနှစ်ချုပ် စီရင်ခံစာပြုစုခြင်းများ ဆောင်ရွက်လျက်ရှိသည်။ စောင့်ကြည့်လေ့လာမှုများမှ တွေ့ရှိချက်များကို တော်လှန်ရေးအင်အားစုများနှင့် ပြည်သူများထံ အချိန်နှင့် တပြေးညီ ပေးပို့အသိပေးလျက်လည်း ရှိသည်။

## India for Myanmar

"India For Myanmar" လှုပ်ရှားမှုသည် လွတ်လပ်၍ အမှီအခိုကင်းသည့် လှုပ်ရှားမှုဖြစ်ပြီး "အိန္ဒိယပြည်သူများ၏ သွေးစည်းညီညွတ်မှုသည် မြန်မာ့ဒီမိုကရေစီအရေးအတွက် အချက်အချာဖြစ်သည် – India People's Solidarity is the key to Myanmar democracy movement" ဟူသော ဆောင်ပုဒ်ဖြင့် လှုပ်ရှားမှုကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ (၁၅) ရက်တွင် စတင်ခဲ့သည်။ "India For Myanmar" လှုပ်ရှားမှုသည် မြန်မာပြည်သူများနှင့် အိန္ဒိယပြည်သူများအကြား သွေးစည်းညီညွတ်မှု တိုးမြှင့်စေမည့် မြေပြင်လှုပ်ရှားမှု၊ တိုက်တွန်းနိုးဆော်မှုနှင့် အကြမ်းဖက်မြန်မာစစ်အုပ်စုနှင့် အိန္ဒိယအစိုးရတို့၏ ဆက်ဆံရေး ဖြတ်တောက်နိုင်ရေး လှုပ်ရှားမှုများကို အိန္ဒိယနိုင်ငံတဝှမ်း လုပ်ဆောင်လျက်ရှိသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာ |
|---|---|---|
| | အဖွဲ့အစည်းမိတ်ဆက် | ၁ |
| | အစီရင်ခံစာမိတ်ဆက် | ၃ |
| | အစီရင်ခံစာပြုစုသည့်နည်းလမ်း | ၄ |
| | အဓိကလေ့လာတွေ့ရှိချက်များ | ၅ |
| ၁။ | အိန္ဒိယ၏ မြန်မာ့အရေး ရပ်တည်ချက်နှင့် သံတမန်ရေးရာ ဆက်ဆံမှု | ၆ |
| | (က) အာဏာသိမ်း စစ်ကောင်စီအပေါ် အိန္ဒိယ၏ အသိအမှတ်ပြု ဆက်ဆံမှု | ၆ |
| | (ခ) အိန္ဒိယနှင့် နိုင်ငံတကာ တွေ့ဆုံဆွေးနွေး၍ မြန်မာ့အရေး မှတ်ချက်ပြုမှုများ | ၉ |
| | (ဂ) ကုလသမဂ္ဂဆွေးနွေးပွဲများတွင် မြန်မာ့အရေးအပေါ် အိန္ဒိယ၏ ရပ်တည်ချက်များ | ၁၀ |
| | (ဃ) အိန္ဒိယနှင့် မြန်မာတော်လှန်ရေးအင်အားစုများ၏ ဆက်ဆံရေး | ၁၁ |
| ၂။ | အိန္ဒိယ၏ အကျိုးစီးပွားအခြေခံ မဟာဗျူဟာမြောက် မြန်မာနှင့် ဆက်ဆံရေး | ၁၃ |
| | (က) မဟာဗျူဟာအရ အရေးပါသည့် မူဝါဒများနှင့် မြန်မာနှင့် ဆက်ဆံရေး | ၁၃ |
| | (ခ) မဟာဗျူဟာအရ အရေးပါသည့် စီမံကိန်းများ | ၁၄ |
| | (ဂ) ကုန်သွယ်ရေးနှင့် အခြားဆက်စပ်မှုများ | ၁၆ |
| ၃။ | အိန္ဒိယ၏ အရှေ့မြောက်ဒေသအရေးဆိုင်ရာ မြန်မာနှင့် ဆက်ဆံရေး | ၁၇ |
| | (က) အိန္ဒိယအရှေ့မြောက်ဒေသရှိ ခွဲထွက်ရေးလက်နက်ကိုင်များနှင့် မြန်မာစစ်တပ် ဆက်စပ်မှု | ၁၇ |
| | (ခ) အိန္ဒိယ-မြန်မာ နယ်စပ်ဒုက္ခသည်အရေး | ၁၉ |
| ၄။ | စစ်ကောင်စီကို နောက်ကွယ်မှ အိန္ဒိယ၏ ပံ့ပိုးမှုများ | ၂၀ |
| | (က) လက်နက်များရောင်းချနေခြင်းနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်ခြင်း | ၂၀ |
| | (ခ) စစ်ကောင်စီ၏ တရားမဝင်ရွေးကောက်ပွဲ နှင့် e-ID စနစ် ဖော်ဆောင်မှုတွင် အိန္ဒိယ၏ ပါဝင်ပတ်သက်မှု | ၂၃ |
| ၅။ | သုံးသပ်ချက်နှင့် အကြံပြုချက်များ | ၂၄ |
| ၆။ | အကိုးအကားနှင့် အညွှန်းများ | ၂၇ |


ဤအစီရင်ခံစာကိုရေးသားပြုစုရာတွင် မည့်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းများထံမှ ငွေကြေးအထောက်အပံ့နှင့် အကျိုးအမြတ်ရယူထားခြင်းမရှိဘဲ လွတ်လပ်စွာ သုတေသနပြု ရေးသားပြုစုထားခြင်း ဖြစ်သည်။

# အစီရင်ခံစာ မိတ်ဆက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်တွင် မြန်မာစစ်တပ်သည် တချိန်က တည်ဆဲဥပဒေအရ ဒီမိုကရေစီနည်းကျ ကျင်းပပြီးရရှိလာသည့် ရွေးကောက်ပွဲရလဒ်ကိုပယ်ဖျက်၍ ပြည်သူ့ဆန္ဒမပါဘဲ ၎င်းတို့ကိုယ်တိုင် စိတ်ကြိုက်ရေးဆွဲ ထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပင် ကျော်လွန်ကာ ရွေးကောက်ခံအစိုးရထံမှ အတင်းအဓမ္မ မတရားအာဏာသိမ်းခဲ့သည်။ အာဏာသိမ်းပြီး လပေါင်း (၃၀) အတွင်း အကြမ်းဖက်မြန်မာစစ်တပ်သည် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံရွေးကောက်ခံသမ္မတ ဦးဝင်းမြင့်တို့ အပါအဝင် နိုင်ငံတော်အကြီးအကဲများနှင့် ပြည်သူ ၂၄၄၆၂ ကျော်အား ဖမ်းဆီးထောင်ချခဲ့သည်။ ဖမ်းဆီးထားသူများထဲတွင် ကလေးသူငယ် ၆၅၃ ကျော်နှင့် အမျိုးသမီး ၄၈၉၇ ကျော်နှင့် သေဒဏ်ပေးခံရသူ ၁၀၁ ထိတို့ပါဝင်သည်။ ထို့အပြင် ကြမ်းဖက်မြန်မာစစ်တပ်သည် လပေါင်း ၃၀ အတွင်း ကလေး ၄၄၆ ကျော်အပါအဝင် အပြစ်မဲ့ပြည်သူ ၄၀၀၇ ကျော်အား သတ်ဖြတ်ခဲ့သည်။ ဘာသာရေးအဆောက်အဦးများအပါအဝင် ပြည်သူ့အိုးအိမ် ၇၄၈၇၄ ကျော်အား မီးရှို့ဖျက်ဆီးခဲ့ပြီး အိန္ဒိယနယ်စပ်ဖြစ်သော စစ်ကိုင်းတွင် အိုးအိမ် ၅၇၅၀၃ ကျော်နှင့်၊ ချင်းပြည်နယ်တွင် အိုးအိမ် ၁၆၃၇ ကျော်ဖြင့် အများဆုံး ဖျက်ဆီးခံထားရသည်။ အကြမ်းဖက်မြန်မာစစ်တပ်သည် မုဒိန်းမှုအား လက်နက်သဖွယ်အသုံးပြုပြီး ကိုယ်ဝန်ဆောင်အမျိုးသမီးများအပါအဝင် အမျိုးသမီး ၁၁၇ ဦးအား အကြမ်းဖက်ခဲ့သည်။ မြန်မာစစ်တပ်သည် အာဏာတည်မြဲရေးအတွက် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုကြောင့် ၁.၁ သန်းကျော် အထိ စစ်ဘေးရှောင်ကြပြီး သိန်းချီပြီး အိမ်နီးချင်းနိုင်ငံများတွင် ခိုလှုံခဲ့ကြသည်။ ထိုအထဲတွင် ခန့်မှန်းခြေ ၅၀၀၀၀ ဝန်းကျင်သည် အိမ်နီးချင်းအိန္ဒိယနိုင်ငံသို့ ခိုလှုံကြရသည်။ မြန်မာနိုင်ငံအတွင်း အာဏာသိမ်းမှုကြောင့် လူဦးရေ ၄၀ ရာခိုင်နှုန်းကျော်သည် ဆင်းရဲမှုအောက်သို့ရောက်ရှိခဲ့ကြသည်။ မြန်မာစစ်တပ်၏ အကြမ်းဖက် ရက်စက်မှုများကို မခံနိုင်သည့် အရပ်သားပြည်သူလူငယ်ပေါင်းများစွာသည် စစ်ကောင်စီကို လက်နက်ကိုင် ခုခံတွန်းလှန်လျက်ရှိရာ မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများ ပြင်းထန်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ခုခံတွန်းလှန်စစ်နှင့် စစ်ရေး၊ နိုင်ငံရေးပဋိပက္ခများသည် နိုင်ငံတွင်းသာမကဘဲ အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေး၊ လူမှုရေးနှင့် ဒေသတွင်းလုံခြုံရေးကိုပါ ထိခိုက်လာလျက်ရှိသည်။




အစီရင်ခံစာတွင်တွေ့ရမည့် အလေးထားသင့်သည့် စကားစုများ

**BACS** နှင့် **India for Myanmar** တို့၏ ပေါင်းစပ်ကြိုးပမ်းမှုများမှ တဆင့် အာဏာသိမ်းခဲ့သည့် ၂၀၂၁ ဖေဖော်ဝါရီလမှ ဇူလိုင် ၂၀၂၃ အကြား အိန္ဒိယ နှင့် စစ်ကောင်စီ ဆက်ဆံရေးကို တင်ပြထားသည်။ အိန္ဒိယ၏ မဟာဗျူဟာ စီးပွားရေးနှင့် သံတမန်ရေးချဉ်းကပ်ပုံ၊ စစ်ကောင်စီ အားထောက်ပံ့ပုံတို့ကို စုစည်းတင်ပြထားသည်။ အိန္ဒိယ၏ မြန်မာပြည်အရေးချဉ်းကပ်ပုံသည် မြန်မာ ဒီမိုကရေစီလှုပ်ရှားမှုကို အားအင်ချိနဲ့ စေပြီး ဒေသတွင်းလုံခြုံရေးအပေါ် အကျိုးသက်ရောက်ပုံနှင့် အိန္ဒိယ ၏ လုံခြုံရေးနှင့် အကျိုးစီးပွားအပေါ် ထိခိုက်ပုံများကို သုံးသပ်တင်ပြထားသည်။ အိန္ဒိယ အနေဖြင့် မြန်မာပြည်သူများကို မျက်နှာ ပြောင်တိုက် လျစ်လျူရှုခြင်းမလုပ်ဘဲ မြန်မာပြည်သူများ၏ ဆန္ဒကို ထင်ဟပ်သင့်ကြောင်း၊ အကြံပြုတင်ပြထားသည်။

အကြမ်းဖက်စစ်အုပ်စု၏ မတရားအာဏာသိမ်းမှုကို ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့အင်အားကြီး နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းကြီးများကလက်မခံခဲ့ပေ။ စစ်ကောင်စီကို ကမ္ဘာနှင့် ဒေသတွင်းဆိုင်ရာ သံတမန်ဆက်ဆံရေးများ၊ နိုင်ငံရေးဆက်ဆံမှုဆိုင်ရာများတွင် အသိမှတ်ပြုဆက်ဆံခြင်းမပြုဘဲ ဖယ်ကျဉ်ထားကြသည်။ အကြမ်းဖက်စစ်အုပ်စု၏ စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာများကိုလည်း နိုင်ငံတကာက ဒဏ်ခတ်အရေးယူမှုများ ပြုလုပ်ခဲ့သည်။ သို့သော်လည်း အကျိုးစီးပွားအရ ချိတ်ဆက်လျက်ရှိသည့် နိုင်ငံများသည် အကြမ်းဖက်စစ်အုပ်စုကို နိုင်ငံရေး၊ စီးပွားရေး ဆက်ဆံမှုများ စဉ်ဆက်မပြတ် ဆက်ဆံလျက်ရှိကြသည်ကိုလည်း တွေ့ရှိရသည်။ ထိုနိုင်ငံများထဲတွင် ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ လည်းပါဝင်နေသည်။ မြန်မာနှင့်အိန္ဒိယ အိမ်နီးချင်းနှစ်နိုင်ငံသည် နယ်နိမိတ်ချင်း ရှည်လျားစွာထိစပ်လျက်ရှိသည့်နိုင်ငံများဖြစ်သည့်အားလျော်စွာ နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ရေးရာ၊ လုံခြုံရေးစသည့် ကဏ္ဍများတွင် နှစ်နိုင်ငံအကျိုးတူ ပူးတွဲဆောင် ရွက်ရသည့်အပြင် ဒေသတွင်းသံတမန်ရေးနှင့် နိုင်ငံရေးအခြေအနေများအရပါ မဖြစ်မနေပူးပေါင်း ဆောင်ရွက်နေကြသည်။

စစ်ကောင်စီကို လက်နက်ကိုင် ခုခံတွန်းလှန်လျက်ရှိရာ မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများ ပြင်းထန်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ခုခံတွန်းလှန်စစ်နှင့် စစ်ရေး၊ နိုင်ငံရေးပဋိပက္ခများသည် နိုင်ငံတွင်းသာမကဘဲ အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေး၊ လူမှုရေးနှင့် ဒေသတွင်းလုံခြုံရေးကိုပါ ထိခိုက်လာလျက်ရှိသည်။ မြန်မာပြည်ကပ်ဆိုက်မှုသည် အိန္ဒိယအရှေ့မြောက်နယ်စပ်ကိုလည်း အခက်တွေ့စေသည့် အခြေအနေများ ဖန်တီးပေးခဲ့သည်။ လက်နက်ကိုင်တော်လှန်ရေး/ပဋိပက္ခကြောင့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့မှ ဒုက္ခသည်များ အိန္ဒိယနိုင်ငံအရှေ့မြောက်ဘက်သို့ အစုလိုက်အပြုံလိုက် ဝင်ရောက်လာကာ ရှုပ်ထွေးသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းအသစ်များ ဖြစ်ပေါ်စေခဲ့သည်။ ၎င်း၏ ပထဝီနိုင်ငံရေးအရ ပိုမိုကျယ်ပြန့်သော အကျိုးစီးပွားဆိုင်ရာများကို ထည့်သွင်းစဉ်းစားနေရစဉ်နှင့် တပြိုင်နက်တည်းမှာပင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကဏ္ဍများကိုလည်း ဂရုကြီးစွာဖြင့် ကိုင်တွယ်ရမည့် အခြေအနေသည် အိန္ဒိယအပေါ် မကြုံစဖူး ကျရောက်၍ လာပေသည်။ ထို့ကြောင့် မြန်မာပြည်ကို တုန်လှုပ်စေခဲ့သော စစ်အာဏာသိမ်းမှုဖြစ်စဉ်နောက်ပိုင်းတွင် အိန္ဒိယ–မြန်မာ ဆက်ဆံရေးလမ်းကြောင်းသည် ရှုပ်ထွေးမှု၊ စိန်ခေါ်မှုများနှင့် သိမ်မွေ့သောသံတမန်ရေးအရ လိုအပ်မှုတိုဖြင့် စိန်ခေါ်မှုအသစ် ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံတွင် အကြမ်းဖက်စစ်အုပ်စု၏ မတရားအာဏာသိမ်းမှုဖြစ်စဉ်သည် ပြည်တွင်းနိုင်ငံရေး အားပြိုင်မှုတခု ထက်ပိုပြီး ဒေသတွင်းသာမက ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်း၏ ဒီမိုကရေစီစနစ်နှင့် အာဏာရှင်စနစ် အားပြိုင်မှုဖြစ်စဉ်ပင် ဖြစ်သည်။ မြန်မာပြည် အာဏာသိမ်းမှုဖြစ်စဉ်၏ နောက်ဆက်တွဲရလဒ်များသည် အိန္ဒိယအတွက် စိန်ခေါ်မှုကြီးကြီးမားမား ရှိလာခဲ့သည်။ မြန်မာပြည်နိုင်ငံရေး မတည်ငြိမ်မှုများသည် အိန္ဒိယ၏ မဲခေါင်ဒေသရှိ အကျိုးစီးပွားအတွက် စီးပွားရေးနှင့် ဒေသတွင်းတည်ငြိမ်မှုဆိုင်ရာ သက်ရောက်မှုများ ရှိခဲ့သည်။

ဤအစီရင်ခံစာတွင် အာဏာသိမ်းပြီးနောက်ပိုင်း ပေါ်ပေါက်လာသည့် ဘက်စုံဖြစ်ပေါ်ပြောင်းလဲမှုများ၊ ဆုတ်ယုတ်မှုများနှင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးအပေါ် ၎င်းတို့၏သက်ရောက်မှုများကို ထည့်သွင်းဖော်ပြထားသည်။ ရောယှက်ဆက်နွယ်နေသော သမိုင်းကြောင်းများနှင့် ဗျူဟာမြောက် အကျိုးစီးပွားများစွာ အပြန်အလှန်ရှိနေသော အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် အာဏာသိမ်း စစ်ကောင်စီတို့သည် အာဏာသိမ်းပြီးနောက်ပိုင်း အခင်းအကျင်းကို သတိကြီးကြီးထားပြီး ပူးပေါင်းပါဝင်မှု၊ ဒေသတွင်း တည်ငြိမ်ရေးအတွက်ဆိုသည့် နှစ်ဦး နှစ်ဘက် မှျဝေမှုဖြင့် ဆက်ဆံနေကြသည်။ ယခုအစီရင်ခံစာသည် ဤအချက်အချာကျသော အပြောင်းအလဲကာလတွင် အိန္ဒိယ–မြန်မာ ဆက်ဆံရေးလမ်းကြောင်းကို ပုံဖော်ပေးသည့် ဆင့်ကဲပြောင်းလဲနေသော အထွေထွေဖြစ်စဉ်များ၊ သံတမန်နည်းဗျူဟာများ၊ စီးပွားရေးနှင့် ဒေသတွင်းဩဇာလွှမ်းမိုးမှုဆိုင်ရာ အခြေအနေများကို ထိန်းချုပ်ရန် ဒီမိုကရေစီနိုင်ငံကြီးတခုဖြစ်သည့် အိန္ဒိယအနေဖြင့် အကြမ်းဖက် စစ်အုပ်စုနှင့် သွေးစွန်းလက်စွဲ ချိတ်ဆက်နေမှုများကို ကျွန်ုပ်တို့တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့်လေ့လာ ခွဲခြမ်းစိတ်ဖြာ၍ အစီရင်ခံတင်ပြထားပါသည်။

## အစီရင်ခံစာ ပြုစုသည့်နည်းလမ်း

ဤအစီရင်ခံစာကို ပြည်တွင်းပြည်ပ သတင်းမီဒီယာများမှ သတင်းများ၊ ဆောင်းပါးများ၊ သုံးသပ်ချက်များ၊ အိန္ဒိယအစိုးရ၏ တရားဝင် ထုတ်ပြန်ချက်များနှင့် စစ်ကောင်စီ၏ ထုတ်ပြန်ချက်များကို အခြေခံထားသည်။ ၂ နှစ်ကျော် ကာလအတွင်း ဖြစ်ပျက်ပြောင်းလဲခဲ့သည့် အိန္ဒိယနှင့် မြန်မာ၏ နိုင်ငံရေး၊ သံတမန်ရေး စစ်ရေး၊ လူမှုစီးပွားဆိုင်ရာ ဆက်စပ်သည့် သတင်းများကို ရယူစုဆောင်းပြီး အချိန်ကာလ အလိုက် ဖြစ်ပေါ်ပြောင်းလဲမှုများကိုလေ့လာခဲ့သည်။ ထို့အပြင် အိန္ဒိယအစိုးရ နှင့် မြန်မာ စစ်ကောင်စီတို့က ထုတ်ပြန်ထားသည့် သံတမန် ရေးဆိုင်ရာထုတ်ပြန်ချက်များ၊ မူဝါဒဆိုင်ရာ ထုတ်ပြန်ချက်များ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ ကို ရှာဖွေစုဆောင်းလေ့လာခဲ့သည်။ ရရှိလာသည့် သတင်းအချက်အလက်များ လေ့လာတွေ့ရှိချက်များကို BACS က ပြုစုထားသည့် လက်နက်ကိုင်တိုက်ပွဲဆိုင်ရာ အချက်အလက်များနှင့် နှိုင်းယှဉ် လေ့လာသုံးသပ်ခြင်း၊ မြေပြင်မှ ရရှိသည့် သတင်းအချက်များနှင့် ပေါင်းစပ်ကာ လေ့လာသုံးသပ်ပြီး အစီရင်ခံစာ ပြုစုရေးသားခဲ့ခြင်းဖြစ်သည်။

# အဓိကလေ့လာတွေ့ရှိချက်များ

အိန္ဒိယသည် မြန်မာစစ်ကောင်စီကို ဟန်မပျက် ထိတွေ့ဆက်ဆံ နေသော်လည်း ထိပ်တန်းခေါင်းဆောင်များဖြင့် ဆက်ဆံခြင်းမဟုတ်ဘဲ အဆင့်လျှော့ချ ဆက်ဆံနေသည်။

ထူးခြားမှုအနေဖြင့် မြန်မာပြည်တွင် စစ်အာဏာသိမ်းပြီးနောက် အိန္ဒိယသံရုံး Facebook နှင့် Twitter တို့တွင် စစ်ခေါင်းဆောင် မင်းအောင်လှိုင်ပုံကို လုံးဝတင်ထားခြင်းမရှိပေ။

NLD အစိုးရလက်ထက်တွင် အိန္ဒိယဝန်ကြီးချုပ်ကိုယ်တိုင် နိုင်ငံတော်အဆင့် ဆက်ဆံခဲ့သော်လည်း စစ်အာဏာသိမ်းချိန်မှ ၂၀၂၂ နှစ်ကုန်အထိ အတွင်းဝန်အဆင့်ဖြင့်သာအမြင့်ဆုံးထားပြီး စစ်ကောင်စီနှင့် ဆက်ဆံခဲ့သည်။

သို့သော်လည်း တနှစ်ထက်တနှစ် ဆက်ဆံရေး တိုးတက်လာပြီး အပြန်အလှန် ဆက်ဆံရေး ပိုအားကောင်းလာ ၂၀၂၃ တွင် အိန္ဒိယဘက်ကဝန်ကြီး တချို့ကိုပါသုံးပြီး စစ်ကောင်စီနှင့် ထိတွေ့ ဆက်ဆံလာခဲ့သည်။

NUG အပါအဝင်၊ လူမျိုးစု လက်နက်ကိုင်များ၊ တော်လှန်ရေးအင်အားစုများနှင့် တရားဝင်ဆက်ဆံခြင်းမျိုး မပြုလုပ်ဘဲ ပြည်ပရေးရာ တွဲဖက်အတွင်းဝန်တစ်ဦးကို ဆက်သွယ်ရေးတာဝန်ခံအဖြစ် တာဝန်ပေးအပ်ကာ အသံတိတ် သံတမန်နည်းဖြင့်သာ ဆက်ဆံပြီး၊ အိန္ဒိယ အကျိုးစီးပွားထိခိုက်စေသည့် ကိစ္စများတွင်သာ ထိတွေ့ဆက်ဆံသည်။

မြန်မာပြည်သူများနှင့် အတူရှိကြောင်း စစ်အာဏာသိမ်းခြင်းကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များအပေါ် စိုးရိမ်ကြောင်း၊ ဒီမိုကရေစီ ပြန်လည်ထွန်းကားရေးဆောင်ရွက်ရန်၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဖမ်းဆီးထားသူများကို ပြန်လွှတ်ရန် တိုက်တွန်းကြောင်း ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအခမ်းအနားများ တွင် မကြာခဏ ပြောကြားထုတ်ပြန်နေသော်လည်း အရေးယူမှုအပိုင်းတွင် ပါဝင်ခြင်းမရှိပေ။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းများစွာ ထိဆက်နေသည့်အတွက် အိန္ဒိယ၏ အကျိုးစီးပွားကို သက်ရောက်မည် စိုးရိမ်သော ကြောင့် အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများကို အားမပေးဟုပင် ထုတ်ဖော်ပြောကြားခဲ့သည်။

အိန္ဒိယက ကျင့်သုံးနေသည့် Act East Policy အရ မြန်မာနိုင်ငံသည် အရေးပါသည့် နေရာတွင်ရှိနေပြီး အိန္ဒိယ အရှေ့မြောက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မဲခေါင်ဒေသအထိ အိန္ဒိယ၏ မဟာဗျူဟာမြောက် စီးပွားရေး ခြေဆန့်ရန် မြန်မာနှင့် မဆက်ဆံ၍ မရသည့်အခြေအနေတွင် ရှိနေသည်။

Act East Policy အရဆောင်ရွက်မည့် စီမံကိန်းများဖြစ်သည့် ကုလားတန်ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်းနှင့် အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမ စီမံကိန်းများနှောင့်နှေးနေသည်ကို အမြန်ပြီးပြတ်ရန် အိန္ဒိယက တွန်းအားပေးနေသည်။ ကုလားတန်စီမံကိန်းကို ပြန်လည်စတင်နိုင်ပြီ ဖြစ်သော်လည်း၊ ၁၀ နှစ်ကျော် ကြာလာပြီဖြစ်သည့် သုံးနိုင်ငံ အဝေးပြေးလမ်းမ စီမံကိန်းသည် စစ်ရေးပဋိပက္ခပြင်းထန်သည့် စစ်ဇုံအတွင်း ကျရောက်နေပြီး လုပ်ငန်းများ ရပ်တန့်ထားရသည်။

မဏိပူရ်ခွဲထွက်ရေး လက်နက်ကိုင်များကို မြန်မာစစ်တပ်က လက်ခံကူညီပြီး အသုံးချနေသည့်အပေါ် အိန္ဒိယက ကျေနပ်မှုမရှိသော်လည်း အခြားအကျိုးစီးပွားများ ရှိနေသည့်အတွက် အတွင်းဝန်များ စေလွှတ်ကာ အပြန်အလှန် ကတိကဝတ်ပြုညှိနှိုင်းနေရသည်။

မြန်မာပြည်မှ စစ်ဘေးဒုက္ခသည်များ လက်ခံရေးနှင့် ကူညီရေးတွင် မီဇိုရမ်ပြည်နယ် အစိုးရက လက်ခံကူညီမှုများ ပြုလုပ်ပေးသော်လည်း နယူးဒေလီနှင့် မဏိပူရ်ပြည်နယ် အစိုးရတို့က ကန့်သတ်မှုနှင့် ပိတ်ပင်မှုများ ပြုလုပ်ခဲ့သည်။ သို့သော်လည်း အားလုံးမှာ စစ်ဘေးဒုက္ခသည်များ ဝင်ရောက်လာခြင်းကြောင့် ဖြေရှင်းရမည့် ပြဿနာများကို စိုးရိမ်နေကြပြီး ကူညီစောင့်ရှောက်ရေးထက် စစ်ဘေးဒုက္ခသည်များ၏ ဇီဝအချက်အလက်များပါ ကောက်ခံရယူ၍ ထိန်းချုပ်ကန့်သတ်ရန်သာ ကြိုးစားလာကြသည်။

အိန္ဒိယသည် မြန်မာစစ်တပ်ကို စစ်လက်နက်ပစ္စည်းထောက်ပံ့မှု အများဆုံး ၅ နိုင်ငံစာရင်းတွင် ပါဝင်နေပြီး အဆိုပါစစ်လက်နက်များကို စစ်ကောင်စီက စစ်ရာဇဝတ်ကျူးလွန်ရာတွင်အသုံးပြုနေသည်။ အိန္ဒိယကမူ အာဏာမသိမ်းခင်က ကတိပြုထားသည်များဖြစ်သည်ဟု ပြောကြားထားသော်လည်း၂၀၂၃ အထိ လက်နက်များ တင်ပို့နေသည်ဟု စောင့်ကြည့်လေ့လာသူများကပြောသည်။

မြန်မာစစ်ကောင်စီပြုလုပ်မည့် တရားမဝင်ရွေးကောက်ပွဲနှင့် အတိုက်အခံများကို ဖိနှိပ်ရာတွင် အသုံးပြုမည့် e-ID စနစ် ဇီဝအချက်အလက် ကောက်ယူရေးဆိုင်ရာ လုပ်ငန်းများတွင် အိန္ဒိယက နောက်ကွယ်မှ နည်းပညာများ ပံ့ပိုးကူညီနေသည်။

အိန္ဒိယသည် မြန်မာ့အရေးနှင့် ပတ်သက်ပြီး ၎င်းတို့၏ မူဝါဒများအကောင်အထည်ဖော်ရန်ကို အဓိကရှေးရှု၍ စစ်ကောင်စီနှင့် ဟန်မပျက်ဆက်ဆံရန် ကြိုးစားနေရပြီး တော်လှန်ရေးအင်အားစုများကိုလည်း တိတ်တဆိတ် ထိတွေ့ထား၍ မီးစတဖက် ရေမှုတ်တဖက်ဖြင့် ဆက်ဆံရေးတည်ဆောက်ထားရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

## [က] အာဏာသိမ်း စစ်ကောင်စီအပေါ် အိန္ဒိယ၏ အသိအမှတ်ပြု ဆက်ဆံမှု

စစ်ခေါင်းဆောင် မင်းအောင်လှိုင်ဦးဆောင်သည့် စစ်တပ်အာဏာသိမ်းမှု ဖြစ်ပွားခဲ့သည့်နောက် အိန္ဒိယအပါအဝင် တိုင်းပြည်အသီးသီးက ၎င်းတို့၏ စိုးရိမ်ချက်များ ကို ထုတ်ပြန်ကြသည်။ ထိုအာဏာသိမ်းသည့် နေ့တွင်ပင် အိန္ဒိယနိုင်ငံခြားရေးရာဝန်ကြီးဌာနက မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ပြောင်းလဲမှုအတွက် နက်နက်ရှိုင်းရှိုင်း စိုးရိမ်ပူပန်မိကြောင်း၊ မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်ကို အားပေးထောက်ခံကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရက်တစ်လုပ်ငန်းစဉ်ကို ဆွဲကိုင်ထားရမည်ဟု ယုံကြည်ပြီး အခြေအနေကို အနီးကပ် စောင့်ကြည့်နေပါကြောင်း ထုတ်ပြန်သည်။ စစ်ကောင်စီကို ဆန့်ကျင်ဆန္ဒပြမှုများ အကြမ်းဖက် ဖြိုခွင်းခံရပြီး သေဆုံးသူ ရာချီပြီး ရှိလာသည့် မတ်လတွင် အိန္ဒိယသံရုံးက ရန်ကုန်အပါအဝင် တိုင်းပြည်အနှံ့ရှိ အသက်ဆုံးရှုံးမှုများအတွက် နက်ရှိုင်းစွာ ဝမ်းနည်းပါကြောင်းနှင့် နိုင်ငံရေးပြဿနာကို စားပွဲဝိုင်းထိုင် တွေ့ဆုံဆွေးနွေးသောနည်းဖြင့် ငြိမ်းချမ်းစွာ အဖြေရှာကြရန် ထုတ်ပြန်ခဲ့သည်။ ထိုသို့ ထုတ်ပြန်ခဲ့သော်လည်း အာဏာသိမ်းခံပြီးခါစ ၂၀၂၁ ခုနှစ် မတ်လတွင်ပင် အိန္ဒိယနိုင်ငံသည် စစ်ကောင်စီနှင့် သံတမန်ရေး ဆက်ဆံမှုများ စတင်နေခဲ့ပြီဖြစ်သည်။ ၂၀၂၁ ခုနှစ် မတ်လသည် အာဏာသိမ်းခါစဖြစ်၍ ပြည်သူများလမ်းပေါ်ထွက် တောင်းဆိုဆန္ဒပြမှုများ အရှိန်အဟုန်ကောင်းနေဆဲဖြစ်ပြီး စစ်ကောင်စီမှ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် ပြည်သူ (၁၁၄) ဦးကျော်ထိ သေဆုံးခဲ့ရသည့် ကာလဖြစ်သည်။ ထိုအခြေအနေများ၌ပင် ၂၀၂၁ ခုနှစ် မတ်လ (၂၇) ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့သည့် (၇၆) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကို နိုင်ငံ (၈) နိုင်ငံမှသာ တက်ရောက်ခဲ့သည်။ ထိုတက်ရောက်သည့် (၈) နိုင်ငံတွင် အိန္ဒိယသည် အဆင့်မြင့် အရာရှိများကို စေလွှတ်ခဲ့သည့် နိုင်ငံ ဖြစ်ခဲ့သည်။ ထို့နောက် အိန္ဒိယသည် စစ်ကောင်စီနှင့် သံတမန်ဆက်ဆံမှုများ တောက်လျှောက် ပြုလုပ်လာခဲ့သည်။

၂၀၂၀ ရွေးကောက်ပွဲ၏ အဆုံးအဖြတ်ရလဒ်များ ပေါ်ထွက်လာခဲ့စဉ်က ဝန်ကြီးချုပ် နရင်ဒြာမိုဒီ ကိုယ်တိုင်ကပင် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ကို ဂုဏ်ပြုပါကြောင်း ၎င်း၏ တွစ်တာစာမျက်နှာတွင် တရားဝင် ပြောကြားဖူးသည်။ သို့သော်လည်း အာဏာသိမ်းမှုဖြစ်ပွားပြီး နောက်ပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အပြတ်အသတ် အနိုင်ရရှိခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲရလဒ်များ၏ တရားဝင်မှုကို အိန္ဒိယက ပြတ်သားစွာ ထောက်ခံရန်၊ ပြန်လည်ဖွင့်ဟ ပြောဆိုရန် တုံ့ဆိုင်းလေးပင်နေသည်။




အိန္ဒိယဝန်ကြီးချုပ် မိုဒီက ၂၀၂၀ ရွေးကောက်ပွဲတွင် NLD အနိုင်ရခြင်းကို Twitter တွင် ဂုဏ်ပြုစဉ်

မြန်မာပြည်တွင် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှု မတိုင်မီ NLD အစိုးရသက်တမ်း ၅ နှစ်တာ ကာလအတွင်း အိန္ဒိယနှင့် မြန်မာ နိုင်ငံ့ခေါင်းဆောင်များအကြား တွေ့ဆုံမှုများနှင့် အပြန်အလှန် ဖလှယ်မှုများ ရှိခဲ့သည်။ NLD အစိုးရ စတင်တာဝန်ယူသည့် ၂၀၁၆ ခုနှစ်အတွင်း သမ္မတ ဦးထင်ကျော်နှင့် ၁ကြိမ်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ၃ ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် သမ္မတ ဦးထင်ကျော်နှင့် ၁ကြိမ်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ၁ကြိမ်၊ ထိုစဉ်က ကာကွယ်ရေးဦးစီးချုပ်ဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ၁ ကြိမ် တွေ့ဆုံခဲ့သည်။ ၂၀၁၉ တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ၁ကြိမ်၊ စစ်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် ၁ ကြိမ် တွေ့ဆုံခဲ့ပြီး ၂၀၂၀ တွင် သမ္မတ ဦးဝင်းမြင့်နှင့် ၁ကြိမ် တွေ့ဆုံခဲ့ပြီး၊ ဒေါ်အောင်ဆန်းစုကြည်ကို ဖုန်းနှင့် ဆက်သွယ်မှု ၁ ကြိမ်ရှိခဲ့သည်။

# အာဏာသိမ်းမြစ်ခဲ့ မတိုင်မီက ဝန်ကြီးချုပ်မိုဒီနှင့် နိုင်ငံတော်အဆင့် တွေ့ဆုံမှုများ

၂၀၁၆၊ ဩဂုတ် ၂၉



မြန်မာသမ္မတ ဦးထင်ကျော်သည် နရင်ဒြာမိုဒီနှင့် တွေ့ဆုံပြီး ၂ နိုင်ငံ ပူးပေါင်း ဆောင်ရွက်ရေးကို ဆွေးနွေး

၂၀၁၆၊ စက်တင်ဘာ ၈




အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နရင်ဒြာမိုဒီတို့တွေ့ဆုံ၊ အိန္ဒိယနှင့် မြန်မာကြား ဆက်ဆံရေး ခိုင်မာစေရေး ဆွေးနွေး

၂၀၁၆၊ အောက်တိုဘာ ၁၆



BIMSTEC အဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များ အစည်းအဝေးပွဲတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နရင်ဒြာမိုဒီတို့ တွေ့ဆုံ၊

၂၀၁၆၊ အောက်တိုဘာ ၁၉



ဒေါ်အောင်ဆန်းစုကြည်သည် နယူးဒေလီမြို့သို့ သွား၊ နရင်ဒြာမိုဒီနှင့် တွေ့ဆုံကာ စီးပွားရေးအရ ၂ နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ ဆွေးနွေး

၂၀၁၇၊ ဇူလိုင် ၁၇



နယူးဒေလီ၌ မင်းအောင်လှိုင်နှင့် နရင်ဒြာမိုဒီတို့ တွေ့ဆုံပြီး လုံခြုံရေးကိစ္စများ ဆွေးနွေး

၂၀၁၇၊ စက်တင်ဘာ ၅



နရင်ဒြာမိုဒီသည် နေပြည်တော်၌ သမ္မတ ဦးထင်ကျော်နှင့် တွေ့ဆုံ၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး

၂၀၁၇၊ စက်တင်ဘာ ၆



နရင်ဒြာမိုဒီနှင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံပြီး ၂ နိုင်ငံဆက်ဆံရေး တိုးချဲ့ရန် ဆွေးနွေး၊ ကဏ္ဍစုံ MOU ၁၁ စောင်ကို လက်မှတ်ရေးထိုး

၂၀၁၉၊ ဇူလိုင် ၂၉



မင်းအောင်လှိုင်သည် အိန္ဒိယတွင် နရင်ဒြာမိုဒီနှင့် တွေ့ဆုံကာ အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ ရေကြောင်းလုံခြုံရေး ကိစ္စရပ်များကို ဆွေးနွေး

၂၀၁၉၊ နိုဝင်ဘာ ၃



ထိုင်းနိုင်ငံမှ အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နရင်ဒြာမိုဒီတို့တွေ့ဆုံဆွေးနွေး

၂၀၂၀၊ ဖေဖော်ဝါရီ ၂၇



အိန္ဒိယသမ္မတ ရာမ်နတ်သ်ကိုဗင်၏ ဖိတ်ကြားချက်အရ မြန်မာသမ္မတ ဦးဝင်းမြင့် အိန္ဒိယနိုင်ငံသို့ သွားရောက်ပြီး နရင်ဒြာမိုဒီနှင့်လည်း တွေ့ဆုံကာ ကဏ္ဍစုံ MOU ၁၀ စောင်ကို လက်မှတ်ရေးထိုး

၂၀၂၀၊ မေ ၃၀



နရင်ဒြာမိုဒီနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဖုန်းခေါ်ဆို၊ ကိုဗစ် ၁၉ ကပ်ရောဂါ ပြန့်ပွားမှုကို ထိန်းချုပ်ရန် လုပ်ဆောင်ရမည့် အဆင့်များအကြောင်း အပြန်အလှန် ဆွေးနွေး

NLD အစိုးရလက်ထက်တွင် အိန္ဒိယဝန်ကြီးချုပ်ကိုယ်တိုင် နိုင်ငံတော်အဆင့် ဆက်ဆံခဲ့သော်လည်း စစ်တပ်အာဏာသိမ်းပြီးနောက် အာဏာသိမ်း စစ်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် ထိတွေ့ဆက်ဆံရာတွင် ၂၀၂၂ ခုနှစ်နှစ်ကုန်ပိုင်းအထိ အတွင်းဝန်အဆင့်ဖြင့်သာ အမြင့်ဆုံးထား ဆက်ဆံသည်။ အိန္ဒိယသည် မြန်မာစစ်ကောင်စီကို ဟန်မပျက် ထိတွေ့ဆက်ဆံနေသော်လည်း ထိပ်တန်းခေါင်းဆောင်များဖြင့် ဆက်ဆံခြင်းမဟုတ်ဘဲ အဆင့်လျှော့ချ ဆက်ဆံနေသည်။ ထူးခြားမှုအနေဖြင့် မြန်မာပြည်တွင် စစ်အာဏာသိမ်းပြီးနောက် အိန္ဒိယသံရုံး Facebook နှင့် Twitter တို့တွင် စစ်ခေါင်းဆောင် မင်းအောင်လှိုင်ပုံကို လုံးဝတင်ထားခြင်းမရှိသည်ကိုတွေ့ရသည်။

၂၀၂၁ မတ် ၂၇
နေပြည်တော်၌ ၇၆ နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကို အိန္ဒိယအပါအဝင် နိုင်ငံ ၈ နိုင်ငံသာ တက်ရောက်ခဲ့၊ အိန္ဒိယက စစ်သံမှူးစေလွှတ်

၂၀၂၁ နိုဝင်ဘာ ၁၅
မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်အဖြစ် Vinay Kumar ကို အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ခန့်အပ်

၂၀၂၁ ဒီဇင်ဘာ ၂၂
အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် Harsh Vardhan Shringla က မြန်မာပြည်ကို ၂ ရက်တာ ခရီးစဉ် လာရောက်၊ လူသား ချင်းစာနာမှုဆိုင်ရာ၊ နယ်စပ်လုံခြုံရေးအခြေအနေနှင့် မြန်မာ့နိုင်ငံရေးအခြေအနေများကို မင်းအောင်လှိုင်နှင့် ဆွေးနွေး

၂၀၂၂ ဇန်နဝါရီ ၃
စစ်ကောင်စီမှ ကျင်းပခဲ့သည့် ဗိုလ်ရှုသဘင်အတွက် အိန္ဒိယက မြင်းအကောင်ရေ ၃၂ ကောင်ပေးပို့

၂၀၂၂ ဧပြီ ၆
မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်အသစ် Vinay Kumar ကို မင်းအောင်လှိုင်က ခန့်အပ်လွှာပေးအပ်

၂၀၂၂ နိုဝင်ဘာ ၈
Vinay Kumar သည် နိုင်ငံခြားရေးဝန်ကြီး ဝဏ္ဏမောင်လွင်နှင့်တွေ့ ကဏ္ဍပေါင်းစုံတွင် ၂ နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုး မြှင့်ရေး ဆွေးနွေး

၂၀၂၂ နိုဝင်ဘာ ၂၁
အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် Vinay Mohan Kwatra က မင်းအောင်လှိုင်နှင့် နေပြည်တော်တွင် လာရောက်တွေ့ဆုံ၊ ကျပ်ငွေနှင့် ရူပီး တိုက်ရိုက်ဖလှယ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို ဆွေးနွေး

၂၀၂၃ ဖေဖော်ဝါရီ ၁၈
အိန္ဒိယ အရှေ့မြောက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် အိန္ဒိယခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး G. Kishan Reddy စစ်ကောင်စီလက်အောက်ခံ မြန်မာနိုင်ငံ နယ်စပ်ရေးရာဝန်ကြီးဌာနအဖွဲ့တို့နှင့် virtual meeting တွေ့ဆုံ၊ နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးရေးအကြောင်း ဆွေးနွေး

၂၀၂၃ မတ် ၃၀
အိန္ဒိယကာကွယ်ရေးအတွင်းဝန် Shri Giridhar Aramane မြန်မာနိုင်ငံသို့လာရောက်ပြီး မင်းအောင်လှိုင်အပါအဝင် အဆင့် မြင့် စစ်ခေါင်းဆောင်များနှင့် နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားမဝင် နယ်စပ်ဖြတ်ကျော် သွားလာမှု များ၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုနှင့် မှောင်ခိုရောင်းဝယ်မှု ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး

၂၀၂၃ ဇူလိုင် ၁၇
BIMSTEC နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တက်ရောက်သည့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး S. Jaishankar နှင့် မြန်မာနိုင်ငံခြားရေးဝန်ကြီး သန်းဆွေတို့ သီးသန့်တွေ့ဆုံပြီး နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကိစ္စ ဆွေးနွေး

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်တွင် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် Harsh Vardhan Shringla က မြန်မာပြည်ကို ၂ ရက်တာ ခရီးစဉ် လာရောက်ခဲ့ပြီး အာဏာသိမ်းဖြစ်စဉ်နောက်ပိုင်း အိန္ဒိယက အဆင့်မြင့်အရာရှိ ပထမဦးဆုံးအကြိမ် လာရောက်ခြင်း ဖြစ်သည်။ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန (MEA) ၏ ထုတ်ပြန်ချက်အရ အဆိုပါခရီးစဉ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင်ပိုင်း အချို့နှင့်သာ တွေ့ဆုံခွင့်ရခဲ့ပြီး မည်သူတို့နှင့် တွေ့ဆုံခဲ့ခြင်းကိုတော့ အသေးစိတ်ဖော်ပြထားခြင်း မရှိပေ။ ဤခရီးစဉ်သည် အိန္ဒိယ၏ မြန်မာစစ်ကောင်စီအပေါ် နိုင်ငံရေးအရ သိသိသာသာအလေးပေး အသိအမှတ်ပြုဆက်ဆံမှု၏ ပထမဆုံးသော လုပ်ရပ်ဖြစ်သည်။ ထို့အပြင် မြန်မာစစ်ကောင်စီခန့် အိန္ဒိယနိုင်ငံဆိုင်ရာသံအမတ် ဦးမိုးကျော်အောင်နှင့်လည်း အိန္ဒိယနိုင်ငံအတွင်းဆိုင်ရာ ပူးပေါင်းလှုပ်ရှားမှုများသာမက ဒေသအတွင်းအရေးကိစ္စများ ချိတ်ဆက်ဆောင်ရွက်ကြသည့် အာဆီယံ-အိန္ဒိယအရေး ဆက်ဆံမှုများတွင်ပါ အသိအမှတ်ပြုလက်ခံခဲ့သည်ကို တွေ့ရသည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်မှ စ၍ ၂၀၂၃ခု နှစ် ဇူလိုင်လအထိ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ် ဦးမိုးကျော်အောင်ကို အသိအမှတ်ပြု လက်ခံဆောင်ရွက်မှုများ အကြိမ်ရေ (၃၁) ကြိမ် ထက်မနည်းတွေ့ခဲ့ရပြီး ထိုထဲတွင် အာဆီယံ-အိန္ဒိယဆိုင်ရာအဖွဲ့အစည်းများ (အထူးသဖြင့် အာဆီယံ-နယူးဒေလီ ကော်မတီ - ANDC) ၏ လှုပ်ရှားမှုများတွင် ပါဝင်စေခြင်းသည် အခြားကိစ္စများထက် အကြိမ်ရေများသည်ကို တွေ့ရှိရသည်။ ၂၀၂၃ ခုနှစ် မတ်လအတွင်းတွင် အိန္ဒိယ၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ သံအမတ်များသည် စစ်ကောင်စီမှ စီစဉ်နေသည့် ရိုဟင်ဂျာများ နေရပ်ပြန်ရေးအစီစဉ်နှင့် ပြင်ဆင်မှုများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားသို့ စစ်ကောင်စီခန့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ကိုကိုလှိုင် ဦးဆောင်သည့် ခရီးစဉ်တွင် ပူးပေါင်းပါဝင်ခဲ့ကြကြောင်း တွေ့ရှိရသည်။ အိန္ဒိယသည် မြန်မာနှင့် ထိတွေ့ဆက်ဆံရာတွင် ဖြည်းဖြည်းခြင်းအဆင့်တိုးမြှင့်လာသည်။ အတွင်းဝန်အဆင့်ရှိသူများဖြင့်သာ အမြင့်ဆုံး ဆက်ဆံခဲ့ပြီး ၂၀၂၂ နိုဝင်ဘာတွင် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် Vinay Mohan Kwatra လာရောက်စဉ်က အိန္ဒိယဘက် သတင်းထုတ်ပြန်ရာတွင် စစ်ကောင်စီကို အဆင့်မြင့်ခေါင်းဆောင်များဖြင့်တွေ့ဆုံသည်ဟုသာ သုံးနှုန်းခဲ့သည်။ သို့သော်လည်း ၂၀၂၃ တွင် တရုတ်က စစ်ကောင်စီနှင့် ပိုမိုထိတွေ့ဆက်ဆံလာသည်နှင့်အတူ အိန္ဒိယကလည်း ဝန်ကြီးအဆင့်ရာထူးရှိသူများဖြင့်ပါထိတွေ့ဆက်ဆံလာပြီး ထုတ်ပြန်ချက်များတွင်လည်း စစ်ကောင်စီ၏ အစိုးရရာထူး တာဝန်များကိုပါ ထည့်သွင်းသုံးနှုန်းလာသည်။

## [၁] အိန္ဒိယနှင့် နိုင်ငံတကာတွေ့ဆုံဆွေးနွေး၍ မြန်မာ့အရေး သဘောထားမှတ်ချက်ပြုမှုများ

### ၂၀၂၁ မတ် ၁၂

Quad အဖွဲ့၏ ပထမဦးဆုံး ဆွေးနွေးပွဲတွင် မြန်မာပြည်၏ ဒီမိုကရေစီ ပြန်လည် ထူထောင်ရန် အရေးတကြီး လိုအပ်နေမှုနှင့် ဒီမိုကရေစီကြံ့ခိုင် အားကောင်းစေရေးတို့ကို အလေးပေး ဆွေးနွေးခဲ့ကြောင်း ထုတ်ပြန်

### ၂၀၂၁ မေ ၂၈

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး S. Jaishankar သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Antony Blinken နှင့် တွေ့ဆုံပြီး မြန်မာပြည် အာဏာသိမ်းမှု အခြေအနေကို ထပ်မံဆွေးနွေး

### ၂၀၂၁ ဩဂုတ် ၁၂

Quad အဖွဲ့ ထပ်မံတွေ့ဆုံပြီး မြန်မာ့အရေးနှင့် ပတ်သက်၍ အာဆီယံ၏ ဗဟိုအချက်အချာကျမှုကို Quad က အခိုင်အမာထောက်ခံကြောင်း ထုတ်ပြန်

### ၂၀၂၁ စက်တင်ဘာ ၂၄

မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများ အဆုံးသတ်ရေး၊ ဖမ်းဆီးခံ နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လည်လွတ်မြောက်ရေး၊ ပဋိပက္ခတွင် ပါဝင်ပတ်သက်သူများအားလုံး တွေ့ဆုံဆွေးနွေးရေးနှင့် ဒီမိုကရေစီစနစ် စောလျင်စွာ ပြန်လည်ထွန်းကားရေးတို့အတွက် ဆက်လက်တောင်းဆိုကြောင်း အိန္ဒိယအပါအဝင် Quad က ထုတ်ပြန်

### ၂၀၂၂ ဇန်နဝါရီ ၁၀

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး S. Jaishankar သည် ကမ္ဘောဒီးယား၏ နိုင်ငံခြားရေးရာနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီး Prak Sokhonn နှင့် ဖုန်းပြောဆိုပြီး မြန်မာ့အရေးအပါအဝင် အားလုံးစိုးရိမ်ရသည့် ပြဿနာများကို ဖြေရှင်းရာတွင် ၂၀၂၂ အာဆီယံဥက္ကဋ္ဌဖြစ်သော ကမ္ဘောဒီးယားနှင့်အတူ အနီးကပ်ဆောင်ရွက်သွားမည်ဟု အိန္ဒိယက ကတိပြု

### ၂၀၂၂ မတ် ၁၉

ဂျပန်ဝန်ကြီးချုပ် Fumio Kishida နှင့် အိန္ဒိယဝန်ကြီးချုပ် Narendra Modi တို့ သီးသန့် တွေ့ဆုံပြီး မြန်မာနိုင်ငံ အခြေအနေအပေါ် စိုးရိမ်ကြောင်း၊ မြန်မာနိုင်ငံတဝန်း အကြမ်းဖက်မှုများကို ချက်ချင်းရပ်တန့်ရန်နှင့် ဒီမိုကရေစီ လမ်းကြောင်းပေါ်ကို ပြန်လည်ရောက်ရှိစေရန်၊ နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးရန် ပူးတွဲတောင်းဆို

### ၂၀၂၃ ဧပြီ ၂၅

နယူးဒေလီမြို့၌ အိန္ဒိယ၊ ထိုင်းနှင့် တရုတ် အပါအဝင် အိမ်နီးချင်းနိုင်ငံများမှ အစိုးရအဖွဲ့ဝင်များ၊ တတ်သိပညာရှင်များပါဝင်သည့် မြန်မာ့အရေးကူညီဖြေရှင်းရေး လျှို့ဝှက်ဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သတင်းထွက်ပေါ်

### ၂၀၂၃ ဇွန် ၁၉

ထိုင်းနိုင်ငံ၊ ပတ္တရားမြို့၌ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ Don Pramudwinai ဦးဆောင်၍ မြန်မာ့အရေး အလွတ်သဘော ဆွေးနွေးပွဲကျင်းပရာ အိန္ဒိယ၊ တရုတ်နှင့် အာဆီယံနိုင်ငံအချို့ တက်ရောက်ပါဝင်ခဲ့ပြီး စစ်ကောင်စီ လက်အောက်ခံ နိုင်ငံခြားရေးဝန်ကြီး သန်းဆွေကိုလည်း တက်ရောက်ခွင့်ပြုခဲ့

### ၂၀၂၃ ဇွန် ၂၂

အမေရိကန် သမ္မတ Joe Biden နှင့် အိန္ဒိယဝန်ကြီးချုပ် Narendra Modi တို့ သီးသန့် တွေ့ဆုံဆွေးနွေးပြီး မြန်မာပြည်တွင် အခြေအနေ ပိုမိုဆိုးရွားလာမှုနှင့် ပတ်သက်ပြီး အထူးစိုးရိမ်ပူပန်ကြောင်း၊ ဖမ်းဆီးခံ နိုင်ငံရေးအကျဉ်းသား အားလုံးကို ပြန်လွှတ်ပေးစေလိုကြောင်း၊ ထိရောက်သည့် ဆွေးနွေးမှုများ လုပ်ဆောင်ရန်နှင့် အားလုံးပါဝင်သည့် ဖက်ဒရယ်ဒီမိုကရေစီစနစ် အသွင်ကူးပြောင်းရန် ပူးတွဲထုတ်ပြန်တောင်းဆို

## နိုင်ငံတကာနှင့် မြန်မာ့အရေး ဆွေးနွေးမှုတွင် အိန္ဒိယ၏ သဘောထားမှတ်ချက်များ

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ စစ်အာဏာသိမ်းဖြစ်စဉ်နောက်ပိုင်းတွင် အိန္ဒိယသည် ၎င်းအဖွဲ့ဝင်ထားသည့် Quad မှ ဂျပန်၊ အမေရိကန်၊ ဩစတြေးလျတို့နှင့် အာဆီယံအဖွဲ့မှ နိုင်ငံများနှင့် အကြိမ်ကြိမ် တွေ့ဆုံခဲ့ပြီး မြန်မာ့အရေးဆွေးနွေးမှုများ ရှိခဲ့သည်။ အာဏာသိမ်း ၂ နှစ်ကျော် ကာလအတွင်းတွင် အိန္ဒိယသည် Quad အဖွဲ့လိုက် သို့မဟုတ် အဖွဲ့ဝင် ၁ နိုင်ငံချင်းစီနှင့် မြန်မာ့အရေး တွေ့ဆုံမှု ၆ ကြိမ်၊ တရုတ်အပါအဝင် မြန်မာ့အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ၃ ကြိမ်ထက် မနည်း တွေ့ဆုံမှု ရှိခဲ့သည်။ ထိုတွေ့ဆုံမှုများတွင် အိန္ဒိယသည် မြန်မာပြည်တွင် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရေး၊ နိုင်ငံရေးဆွေးနွေးမှု ပြုလုပ်ရေး၊ အကြမ်းဖက်မှုများ ရပ်တန့်ရေး၊ ဒီမိုကရေစီ ပြန်လည်အသက်သွင်းရေးနှင့် အာဆီယံ၏ မြန်မာ့အရေး သဘောတူညီချက်များကို အကောင်အထည်ဖော်ရေးစသည့် သဘောထားရပ်တည်ချက်များကို အကြိမ်ကြိမ် ဆွေးနွေးခဲ့သည်။ သို့သော်လည်း အခြား Quad အဖွဲ့ဝင်နိုင်ငံများ၏ မြန်မာစစ်ကောင်စီအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများတွင် အိန္ဒိယသည် ပါဝင်ခဲ့ခြင်း လုံးဝမရှိဘဲ ထိုပိတ်ဆို့မှုများသည် မြန်မာ့အရေး ဖြေရှင်းရာတွင် အပြုသဘောမဆောင်ဟု ယုံကြည်ကြောင်း မကြာခဏ မှတ်ချက်ပြုလေ့ရှိသည်။

## [ဂ] ကုလသမဂ္ဂဆွေးနွေးပွဲများတွင် မြန်မာ့အရေးအပေါ် အိန္ဒိယ၏ ရပ်တည်ချက်များ

### ၂၀၂၁

**ဖေဖော်ဝါရီ ၄**
ကုလသမဂ္ဂလုံခြုံရေးကောင်စီ မြန်မာ့အရေးဆွေးနွေးပွဲ - အိန္ဒိယက မြန်မာ့နိုင်ငံရေး ပဋိပက္ခတွင် ပါဝင်ပတ်သက်သူအားလုံး တွေ့ဆုံဆွေးနွေးရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးအတွက် တိုက်တွန်းရေး ကြေညာချက်ထုတ်ရန် အဆိုတင်သွင်း၊ ဖမ်းဆီးခံ နိုင်ငံရေးခေါင်းဆောင်များ အားလုံးကို လွှတ်ပေးရေးနှင့် "ဒီမိုကရေစီလုပ်ငန်းစဉ်" များကို လိုက်နာရန် တိုက်တွန်းကြောင်း ပြော

**ဧပြီ ၁**
ကုလသမဂ္ဂလုံခြုံရေးကောင်စီ မြန်မာ့အရေးဆွေးနွေးပွဲ - အိန္ဒိယက စစ်ကောင်စီ၏ အကြမ်းဖက်မှုများကို ရှုတ်ချကြောင်း၊ အကြမ်းဖက်မှုကြောင့် သေဆုံးသွားသူများအတွက် ဝမ်းနည်းကြောင်း၊ အကြမ်းဖက်မှုများကို ထပ်မံမကျူးလွန်ရန် တိုက်တွန်းကြောင်းနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် ကူညီရန် အိန္ဒိယက ခိုင်မာသော ကတိကဝတ်ပေးကြောင်း ပြော

**ဇွန် ၁၈**
ကုလသမဂ္ဂအထွေထွေ ညီလာခံ မြန်မာပြည်သို့ လက်နက်တင်သွင်းမှုကို ပိတ်ပင်ရန် မဲခွဲဆုံးဖြတ် - အိန္ဒိယက တရုတ်၊ ရုရှားတို့နှင့်အတူ ကြားနေခဲ့ပြီး ယခုကဲ့သို့ မြန်မာ့အရေးကို အလျှင်စလို ဆုံးဖြတ်ကြခြင်းသည် မြန်မာပြည် ဒီမိုကရေစီ ပြန်လည်အသက်သွင်းရေးအတွက် အထောက်အကူပြုမည်ဟု မယုံကြည်ကြောင်း ပြော

**ဩဂုတ် ၂**
ကုလသမဂ္ဂရုံးချုပ် လုံခြုံရေးကောင်စီဆိုင်ရာ သတင်းစာရှင်းလင်းပွဲ - အိန္ဒိယသံအမတ် T.S. Tirumurti က မြန်မာနိုင်ငံတွင်း မည်သည့် မငြိမ်မသက်ဖြစ်မှုမျိုးကမဆို အိန္ဒိယကို တိုက်ရိုက်အကျိုးသက်ရောက်သဖြင့် မြန်မာကို ယခုထက်ပိုပြီး မတည်မငြိမ်ဖြစ်စေမည့် နိုင်ငံတကာ အသိုင်းအဝိုင်း၏ အရေးယူဆောင်ရွက်မှုကို အိန္ဒိယက မလိုလားကြောင်း ထုတ်ဖော်ပြောကြား

**စက်တင်ဘာ ၂၂**
ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ - ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် အိန္ဒိယတို့ အပြန်အလှန် ဆွေးနွေး၊ အိမ်နီးချင်း မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများနှင့် မတည်မငြိမ်မှုများ ဆက်ရှိနေမှုအပေါ် စိုးရိမ်ပူပန်ကြောင်း၊ ဒီမိုကရေစီလုပ်ငန်းစဉ်ဆီ မူလအတိုင်း ပြန်သွားနိုင်ရေး ရည်မှန်းလုပ်ဆောင်နေသည့် အားထုတ်မှုများကို ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း အိန္ဒိယက ပြော

### ၂၀၂၂

**ဇူလိုင် ၂၇**
ကုလသမဂ္ဂလုံခြုံရေးကောင်စီ – ကိုဖြိုးဇေယျာသော်နှင့် ကိုဂျင်မီအပါအဝင် ဒီမိုကရေစီအရေး လှုပ်ရှားသူ ၄ ဦးကို စစ်ကောင်စီက သေဒဏ်စီရင် သတ်ဖြတ်ခြင်းအပေါ် အပြင်းအထန်ရှုံ့ချရန် မဲခွဲဆုံးဖြတ်ရာ၌ အိန္ဒိယက ထောက်ခံမဲ ပေးခဲ့

**ဇူလိုင် ၂၇**
ကုလသမဂ္ဂ သတင်းစာရှင်းလင်းပွဲ – အိန္ဒိယ၏ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Arindam Bagchi က "အိမ်နီးချင်းနိုင်ငံအနေဖြင့် မြန်မာ့နိုင်ငံရေး အကျပ်အတည်းကို ငြိမ်းချမ်းစွာ ဖြေရှင်းရန် လိုအပ်ကြောင်း အမြဲတမ်း မီးမောင်းထိုးပြခဲ့ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီလုပ်ငန်းစဉ်များကို စစ်ကောင်စီက လက်ကိုင်ထားရမည် ဖြစ်ကြောင်း၊ မြန်မာပြည်သူများ၏ မိတ်ဆွေအနေဖြင့် မြန်မာပြည် ဒီမိုကရေစီနှင့် တည်ငြိမ်ရေးဆီ ပြန်လည်ရောက်ရှိရေးကို ဆက်လက် ထောက်ခံအားပေးသွားမည် ဖြစ်ကြောင်း" ထုတ်ပြန်

**ဒီဇင်ဘာ ၂၁**
ကုလသမဂ္ဂလုံခြုံရေးကောင်စီ – မြန်မာပြည်တွင်း စစ်ကောင်စီ၏ အကြမ်းဖက်သတ်ဖြတ်မှုများကို ရှုတ်ချရေးနှင့် ရပ်တန့်ရန် တောင်းဆိုရေးအတွက် မဲခွဲဆုံးဖြတ်ရာ ကျန် အဖွဲ့ဝင် ၁၂ နိုင်ငံလုံးက ထောက်ခံမဲ ပေးခဲ့သော်လည်း ရုရှား၊ တရုတ်တို့နှင့်အတူ အိန္ဒိယက ကြားနေခဲ့

ကုလသမဂ္ဂတွင် ပြုလုပ်သည့် မြန်မာ့အရေးဆွေးနွေးပွဲများတွင်လည်း အိန္ဒိယသည် ကုလသမဂ္ဂ ပြင်ပ ဆွေးနွေးပွဲများကအတိုင်း ဆက်လက်ရပ်တည်သည်ကိုတွေ့ရသည်။ အိန္ဒိယသည် မြန်မာဒီမိုကရေစီ အသွင်ကူးပြောင်းရေး၏ ပဓာနကျမှုကို လက်ခံကြောင်း၊ မြန်မာ့အရေးတွင် အာဆီယံ၏ ကြိုးပမ်းမှုများ၊ ညှိနှိုင်းဆွေးနွေးမှုများကို ထောက်ခံကြောင်း၊ သို့သော်လည်း အိန္ဒိယသည် မြန်မာနှင့် ရှည်လျားသော နယ်နိမိတ်စည်းကို မျှဝေနေရသဖြင့် အိန္ဒိယအတွက် သီးသန့်စိုးရိမ်စရာ အခြေအနေ ဖြစ်နေသည့်အတွက် အနောက်နိုင်ငံများက မြန်မာအပေါ် ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်သည့်အတိုင်း လိုက်နာဆောင်ရွက်မည် မဟုတ်ကြောင်းစသည့် ရပ်တည်ချက်ကို အတိအလင်း ချပြလေ့ရှိသည်။ထို့အပြင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ လုပ်ဆောင်ချက်များကို သေသေချာချာ ချိန်ဆရန် အရေးကြီးကြောင်း၊ တိတ်ဆိတ်ပြီး အပြုသဘောဆောင်သော သံတမန်ဆက်ဆံရေးသည် မြန်မာပြည်အတွက်လည်း အပြုသဘောဆောင်ပြီး ရေရှည်တည်တံ့သော ဖြေရှင်းနည်းများကို ရှာဖွေရေးအတွက် နှစ်လိုဖွယ်ကောင်းသော တုံ့ပြန်မှုဖြစ်ကြောင်း၊ မတည်ငြိမ်မှု၏ အကျိုးဆက်များသည် အိမ်နီးချင်းနိုင်ငံများကို အများဆုံး ထိခိုက်စေမည်ဖြစ်ပြီး ထိုနိုင်ငံများ၏ အမြင်များနှင့် ရှုထောင့်များကို အလေးအနက်ထား စဉ်းစားရန်လည်း အရေးကြီးကြောင်း ထုတ်ဖော်ပြောကြားသည်ကိုတွေ့ရသည်။

## [ယ] အိန္ဒိယနှင့် မြန်မာတော်လှန်ရေးအင်အားစုများ၏ ဆက်ဆံရေး

အိန္ဒိယသည် မြန်မာစစ်အုပ်စုနှင့် ဆက်ဆံရေးကို စဉ်ဆက်မပြတ် တည်ဆောက်နေချိန်တွင် တော်လှန်ရေးအင်အားစုများနှင့် ညှိနှိုင်းဆောင်ရွက်မှုများ မရှိသလောက်ပင် ဖြစ်သည်။ အိန္ဒိယနိုင်ငံအတွင်း အကြမ်းဖက်စစ်အုပ်စုကို ဆန့်ကျင်သည့် မြန်မာအရေးလှုပ်ရှားမှုများ ပြုလုပ်ခွင့် ၅ ကြိမ်ထက်မနည်း ပိတ်ပင်ခဲ့ခြင်းများ ရှိခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံကိုယ်စားပြုအစိုးရအဖြစ် စစ်ကောင်စီကို BIMSTEC ညီလာခံသို့ ဖိတ်ကြားခဲ့သည့် သီရိလင်္ကာနိုင်ငံကို ကန့်ကွက်ကြောင်း အိန္ဒိယနိုင်ငံရှိ သီရိလင်္ကာနိုင်ငံ သံရုံးရှေ့တွင် ဆန္ဒပြလှုပ်ရှားမှုပြုလုပ်ခဲ့ရာ ပါဝင်ခဲ့သည့် India for Myanmar အဖွဲ့ဝင် ၂၁ ဦး ကိုလည်း ဖမ်းဆီးခဲ့သည်။ BACS နှင့် India For Myanmar တို့၏ မေးမြန်းစုံစမ်းချက်နှင့် မြေပြင်သတင်းစုံစမ်းမှုများအရ အိန္ဒိယနှင့် တွေ့ဆုံညှိနှိုင်းမှုများကို တော်လှန်ရေးအင်အားစုများဘက်မှ စဉ်ဆက်မပြတ် ကြိုးပမ်းသော်လည်း အိန္ဒိယအနေဖြင့် လိုလားသည့်ပုံစံနှင့် တုံ့ပြန်မှုမရှိသလောက်နည်းပါး သည်ဟုဆိုသည်။ သတင်းရင်းမြစ်များ၏ ပြောပြချက်အရ အိန္ဒိယအစိုးရသည် NUG နှင့် ဆက်သွယ်ဆက်ဆံရန် ပြည်ပဆက်ဆံရေးဝန်ကြီးဌာနအောက်ရှိ တွဲဖက်အတွင်းဝန် တဦးကို ဆက်သွယ်ရေးတာဝန်ခံအဖြစ်ထားရှိထားပြီး အချို့သော မြေပြင်ကိစ္စဆိုင်ရာ ဆက်သွယ်မှုများအတွက် ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိအချို့ ထောက်လှမ်းရေး အရာရှိတချို့ကတဆင့် ဆက်သွယ်ကာ “အသံတိတ် သံတမန်ရေးနည်းလမ်း” ကိုသာ အသုံးပြုဆက်ဆံနေကြောင်း သိရသည်။ ဆက်သွယ်ရေးလမ်းကြောင်း ဖွင့်ထားသည်ဟု ဆိုသော်လည်း အရာရှိငယ် အဆင့်များဖြင့်သာ တာဝန်ပေးထားခြင်းဖြစ်ပြီး မြေပြင်တွင် ဖြစ်ပွားသော အိန္ဒိယအကျိုးစီးပွား ဆိုင်ရာ ထိခိုက်မည့် ကိစ္စများအတွက်သာ ညှိနှိုင်းရန်ဖြစ်ကြောင်းလည်း သိရသည်။




BIMSTEC အစည်းအဝေးမှာ မြန်မာကို လက်မခံဖို့ ဆန္ဒပြ




BIMSTEC အစည်းအဝေးမှာ မြန်မာကို လက်မခံဖို့ ဆန္ဒပြ

အိန္ဒိယသည် မြန်မာစစ်တပ်ကို လက်နက်နှင့် နည်းပညာများ ကူညီပံ့ပိုးပေးနေချိန်တွင် တဖက်၌ မြန်မာစစ်တပ်ကို ခုခံနေသည့် တော်လှန်ရေးတပ်ဖွဲ့များ၏ လက်နက်ပစ္စည်းများကို ဖမ်းဆီးနေခဲ့သည်။ သတင်းဖော်ပြချက်များအရ အိန္ဒိယ အစိုးရသည် မြန်မာစစ်တပ်ကို ခုခံတိုက်ခိုက်နေသည့် တော်လှန်ရေးအဖွဲ့များနှင့် ဆက်စပ်သည့် လက်နက်ပစ္စည်းဖမ်းဆီးမှု ၁၀ ကြိမ်ထက်မနည်းရှိခဲ့ပြီး သတင်းတွင် မပါဝင်သည့် ဖမ်းဆီးမှုများလည်း ရှိနေမည်ဖြစ်သည်။ ယင်းကဲ့သို့အခြေအနေများကြောင့် မြန်မာပြည်က လက်နက်ကိုင်တော်လှန်ရေး တပ်များသည် အိန္ဒိယအစိုးရကို မယုံကြည်ကြချေ။ ပိုးဆိုးစေသည့် အခြေအနေမှာ CNF/CNA ဌာနချုပ်ကို စစ်ကောင်စီက အိန္ဒိယ လေပိုင်နက်ကိုအသုံးပြုပြီး ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ CNF/CNA ဌာနချုပ်သည် အိန္ဒိယ မြန်မာနယ်စပ်တွင်တည်ရှိပြီး စစ်ကောင်စီ လေကြောင်းတိုက်ခိုက်ချိန်တွင် ဗုံးဆံအချို့ အိန္ဒိယ ပိုင်နက်အတွင်း ကျရောက်ခဲ့ကြောင်း ဒေသခံများက ပြောကြားခဲ့သည်။ သို့သော်လည်း အိန္ဒိယကမူ မြန်မာစစ်တပ်သည် ၎င်းတို့ လေပိုင်နက်ကို အသုံးပြုခြင်းမရှိကြောင်း လက်နက်များလည်း ကျရောက်ခြင်းမရှိကြောင်း ငြင်းဆိုခဲ့သည်။ တော်လှန်ရေး လက်နက်ကိုင်အဖွဲ့များက စစ်ကောင်စီ စခန်းများကို ဒရုန်းဖြင့် တိုက်ခိုက်ချိန်တွင်မူ စိုးရိမ်ကြောင်း မီဒီယာ တချို့တွင် အိန္ဒိယက ပြောကြားခဲ့သည်။ ထို့အပြင် ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်းက အိန္ဒိယ နိုင်ငံမှ လွှဲပြောင်းပေးလိုက်သည့် လက်နက်ပစ္စည်းများကို စစ်ကောင်စီက ယာဉ်များနှင့် သယ်ဆောင်နေသည်ဟု သတင်းများထွက်လာခဲ့ပြီး အဆိုပါစစ်ကောင်စီ ယာဉ်တန်းကို ဒေသကာကွယ်ရေးတပ်များက ၁၀ ရက်ကျော် တိုက်ခိုက်ခဲ့သည်။ ယင်းသို့ တိုက်ခိုက်နေချိန်တွင် တော်လှန်ရေးတပ်ဖွဲ့များ၏စခန်းတချို့ စစ်ကောင်စီတပ်များ၏ စီးနင်းခံခဲ့ရသည်။ ဒါ့အပြင် ၂၀၂၃ ခုနှစ် မတ်လအတွင်းက ချင်းပြည်နယ် နယ်စပ်တွင် အိန္ဒိယနိုင်ငံသား ၃ ဦး သတ်ဖြတ်ခံခဲ့ရပြီး ယင်းသတ်ဖြတ်မှုသည် CDF နှင့် ပတ်သက်ကြောင်း အိန္ဒိယဘက်က စွပ်စွဲခဲ့သော်လည်း ကျူးလွန်သူများကို CDF-Mindat ကဖမ်းဆီးပေးနိုင်ခဲ့သည်။



မန္တလေး PDF တပ်ဖွဲ့ဝင်များ စစ်ရေးလေ့ကျင့်ကြစဉ်/ Mandalay People's Defence Force

အိန္ဒိယအစိုးရသည် ၁၉၉၀ ဝန်းကျင် နှစ်များကဲ့သို့ မြန်မာစစ်တပ်က တော်လှန်ရေး လက်နက်ကိုင်များကို နှိမ်နင်းနိုင်လိမ့်မည်ဟု ယုံကြည်နေသည်။ သို့သော်လည်း ယခုအချိန်သည် ၁၉၉၀ ဝန်းကျင်ကလများနှင့်မတူဘဲ စစ်ကောင်စီကို နိုင်ငံတဝန်းလုံးက လက်နက်ကိုင် ခုခံနေကြခြင်းဖြစ်သည်။ စစ်အာဏာသိမ်းပြီးနောက် ပေါ်ပေါက်လာသည့် လူမျိုးစု တော်လှန်ရေးအဖွဲ့များဖြစ်သည့် CDF၊ CNDF၊ KNDF၊ နိုင်ငံတဝန်းလုံးတွင် ပျံ့နှံ့နေသည့် PDF/ LPDF များ၊ အမျိုးသားညီညွတ်ရေးအစိုးရ NUG ကဖွဲ့စည်းထားသည့် PDF တပ်ရင်းတပ်ဖွဲ့များနှင့် ယခင်ကတည်းက အားကောင်းသည့် လူမျိုးစု တော်လှန်ရေး တပ် ၇ ဖွဲ့ထက်မနည်းသည်လည်း စစ်ကောင်စီကို အချိန်ကိုက် စုစည်း တိုက်ခိုက်နေသည်။ စစ်အင်အားသည်လည်း  အမျိုးသားညီညွတ်ရေးအစိုးရ NUG ဖွဲ့စည်းထားမှု တခုတည်းပင်လျှင် PDF တပ်ရင်းနှင့် စစ်ကြောင်းပေါင်း ၃၀၀ ဝန်းကျင်ရှိနေပြီး “ပြည်သူ့စစ်” တာဝန် ထမ်းဆောင်ရသည့် ရပ်ရွာအခြေပြု ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပကဖ) များမှာ မြို့နယ်ပေါင်း (၂၆၀) ကျော်တွင် ရှိနေသည်။စစ်ကောင်စီသည် စစ်မျက်နှာ ပေါင်းစုံ ရင်ဆိုင်နေရပြီး နယ်မြေများလည်း တစတစ ဆုံးရှုံးလာနေသည်။ အိန္ဒိယသည် လက်တွေ့ မြေပြင်အခြေနေများနှင့် ပြဿနာများကို နားလည်ခြင်းမရှိဘဲ စစ်ကောင်စီကို ကူညီခြင်းဖြင့် လမ်းဟောင်း လမ်းမှားကိုသာ လျှောက်လှမ်းနေသည်။



CDF မင်းတပ် တပ်ဖွဲ့ဝင်များ နယ်မြေစိုးမိုးရေး ကင်းလှည့်နေစဉ်/ Chin Defence Force - Mindat

## (က) မဟာဗျူဟာအရ အရေးပါသည့် မူဝါဒများနှင့် မြန်မာနှင့် ဆက်ဆံရေး

BJP ပါတီ အာဏာရလာပြီးနောက် ဝန်ကြီးချုပ် မိုဒီ အစိုးရတက်လာချိန်တွင် အိန္ဒိသည် အရှေ့မျှော်ဝါဒ (Look East Policy) မှ အရှေ့နှင့်ပူးပေါင်းဆောင်ရွက်ရေးမူဝါဒ (Act East Policy) ကို ပြောင်းလဲကျင့်သုံးခဲ့သည်။ အိန္ဒိယ၏ အရှေ့နှင့်ပူးပေါင်းဆောင်ရွက်ရေးမူဝါဒ (Act East Policy) အရ အာရှပစိဖိတ်ဒေသတွင်းနိုင်ငံများနှင့် စီးပွားရေးအရပူးပေါင်းဆောင်ရွက်မှု၊ ယဉ်ကျေးမှုအရ စည်းနှောင်ထားမှုနှင့် မဟာဗျူဟာကျ ဆက်ဆံရေး တိုးမြှင့်တည်ဆောက်မှုကို နှစ်နိုင်ငံ၊ ဒေသတွင်းနှင့် နိုင်ငံများကြားဆက်ဆံရေး မြှင့်တင်ဆောင်ရွက်ရန်တို့ဖြစ်သည်။ ယင်းမူဝါဒအရ  အိန္ဒိယသည် အာဆီယံ၊ Asean Regional Forum (ARF)၊ East Asia Summit (EAS)၊ ၊ Asia Cooperation Dialogue (ACD)၊ Mekong-Ganga Cooperation (MGC)  နှင့် Indian Ocean Rim Association (IORA) ကဲ့သို့သော သက်ဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံစုံအဖွဲ့အစည်းများနှင့် ပိုမိုနီးကပ်သော မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အရှေ့တောင်အာရှနိုင်ငံများနှင့် ဆက်ဆံရေးခိုင်မာစေရန်နှင့် တရုတ်၏ ဩဇာလွှမ်းမိုးမှုကို တန်ပြန်ရန် ရည်ရွယ်သည့် အိန္ဒိယ၏ အရှေ့နှင့်ပူးပေါင်းဆောင်ရွက်ရေးမူဝါဒ (Act East Policy) အရ ဆောင်ရွက်သည့် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များတွင် မြန်မာသည် မဟာဗျူဟာအရ အရေးကြီးသည့် အဓိကမိတ်ဖက် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးနှင့် ကုလားတန် ဘက်စုံသုံး ဆိပ်ကမ်း သယ်ယူပို့ဆောင်ရေးစီမံကိန်း ကဲ့သို့သော မြန်မာနိုင်ငံရှိ အခြေခံအဆောက်အဦး စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံထားပြီး ထိုစီမံကိန်းများသည် ဒေသတွင်း ဆက်သွယ်မှုနှင့် ကုန်သွယ်မှု တိုးမြှင့်ရန်နှင့် အိန္ဒိယအရှေ့မြောက်ဒေသ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်သည့် အိန္ဒိယ၏ အရေးပါသည့် ကြိုးပမ်းမှုဖြစ်သည်။ အရှေ့ဘက်နှင့် ပူးပေါင်းဆောင်ရွက်ရေးမူဝါဒ (Act East Policy) အရ အရှေ့မြောက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးသည် ဦးစားပေးဖြစ်ပြီး မဲခေါင်ဒေသ နိုင်ငံများနှင့် ချိတ်ဆက်ရေးတွင် မြန်မာနိုင်ငံသည် အဓိက ဆယ်သွယ်ပေါင်းကူးတံတားဖြစ်သည်။ ထိုကဲ့သို့ ပထဝီဝင်နိုင်ငံရေးအရ အရေးပါလှသည့် မြန်မာ၊ အိန္ဒိယနှစ်နိုင်ငံဆက်ဆံမှုသည် စစ်ကောင်စီ၏ အာဏာသိမ်းမှု နောက်ပိုင်းတွင်လည်း ရှောင်လွှဲ၍မရသော အရေးပါသည့် အခန်းကဏ္ဍတွင်ရှိနေသည်။




ကုလားတန်ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်း




အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမ စီမံကိန်း

မြန်မာပြည်နိုင်ငံရေး မတည်ငြိမ်မှုများသည် အိန္ဒိယ၏ အရှေ့တောင်အာရှရှိ အကျိုးစီးပွားအတွက် စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ သက်ရောက်မှုများ ရှိခဲ့သည်။  တဖက်တွင် တရုတ်အစိုးရ၏ မြန်မာစစ်အုပ်စုနှင့် ဆက်ဆံရေး ပိုမိုနီးကပ်လာခြင်းသည် ဒေသတွင်းဩဇာကို ပိုမိုအားကောင်းလာစေပြီး အိန္ဒိယ၏ ဗျူဟာမြောက် အကျိုးစီးပွားကို ထိခိုက်စေနိုင်သောကြောင့် အိန္ဒိယအတွက် စိုးရိမ်မှုများ ဖြစ်ပေါ်စေခဲ့သည်။ ဤအရှေ့ဘက်နှင့် ပူးပေါင်းဆောင်ရွက်ရေးမူဝါဒမှတဆင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်းနှင့် စိုက်ပျိုးရေးကဲ့သို့သော ကဏ္ဍများတွင် မြန်မာနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းသည် အိန္ဒိယအတွက် အကျိုးအမြတ်များစွာ ရှိနေသည်။ ကဏ္ဍပေါင်းစုံတွင် မြန်မာနှင့် အနီးကပ် ဆက်ဆံရေး ရှိနေပြီးသားဖြစ်သည့် တရုတ်၏ ဒေသတွင်း လွှမ်းမိုးမှုသည် အိန္ဒိယ၏ အကျိုးစီးပွားကို တိုက်ရိုက်ခြိမ်းခြောက်နိုင်စွမ်း ရှိနေသည်။ သို့ဖြစ်၍ အိန္ဒိယသည် ၎င်း၏ အကျိုးစီးပွားကို မဟာဗျူဟာကျ ကာကွယ်နိုင်ရေးအတွက် မြန်မာနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးသည် အချက်အချာကျနေသဖြင့် မတရားအာဏာသိမ်းယူပြီး ပြည်သူကို ရက်စက်စွာ အကြမ်းဖက်ဖိနှိပ်နေသည့် စစ်ကောင်စီနှင့်လည်း ဆက်ဆံရေး ဆက်လက်တည်ဆောက်နေမည့် အနေအထားကို သိသာထင်ရှားစွာမြင်ရသည်။

## [ခ] မဟာဗျူဟာအရ အရေးပါသည့် စီမံကိန်းများ

အိန္ဒိယ၏ စီမံကိန်းများ ကြံ့ကြာနေချိန်တွင် မဲခေါင်-ဂင်္ဂါ ပူးဆောင်ရွက်ရေး အစီစဉ်နှင့်အပြိုင် တရုတ်၏ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး အစီစဉ်အရ ဆောင်ရွက်နေသည့် စီမံကိန်းများသည် တရှိန်ထိုး တိုးတက်အောင်မြင်လာနေသည်။ ထို့ကြောင့် အိန္ဒိယသည် ၎င်း၏ စီမံကိန်းများ ဆက်လက် လုပ်ဆောင်နိုင်ရေး တွန်းအားပေး လုပ်ဆောင်လာခဲ့သည်။


ကုလားတန် ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်းသည် မီဇိုရမ်ပြည်နယ်မှ အဝေးပြေးလမ်း ပလက်ဝဆိပ်ကမ်း၊ ထိုမှတဆင့် ရေလမ်းကြောင်းအတိုင်း စစ်တွေဆိပ်ကမ်းကို ကုန်စည်များ တင်သွင်းတင်ပို့မည့် အစီစဉ်ဖြစ်သည်။ စီမံကိန်းရည်ရွယ်ချက်မှာ အိန္ဒိယ အရှေ့မြောက်ဒေသများ အနေဖြင့် ပင်လယ်ထွက်ပေါက်ရရှိကာ ကာလကတ္တား သို့ ကုန်စည်များ အလွယ်တကူတင်ပို့နိုင်ပြီး အရှေ့မြောက်ဒေသ လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်သည်။ စီမံကိန်းကို ၂၀၀၈ ခုနှစ်က စတင်ပြီး ယခုအခါ စစ်တွေဆိပ်ကမ်း၊ ပလက်ဝ ဆိပ်ကမ်း တည်ဆောက်ခြင်း လုပ်ငန်းများ၊ ကုလားတန်မြစ်အတွင်း သွားလာမည့် သင်္ဘောတည်ဆောက် ခြင်း လုပ်ငန်းများ၊ ကုလားတန်မြစ် သောင်တူးဖော်ခြင်း လုပ်ငန်းများ ပြီးစီးနေပြီး အိုက်ဇောကနေ ပလက်ဝကို ဆက်သွယ်မည့် အဝေးပြေးလမ်း ဖောက်လုပ်ရန်သာ ကျန်တော့သည်။ ယင်းလမ်းသည် ရက္ခိုင့်တပ်တော် AA နှင့် မြန်မာစစ်တပ်တို့ တိုက်ပွဲဖြစ်ပွားခြင်းကြောင်း ရပ်တန့်ခဲ့ရခြင်းဖြစ်သည်။

အိန္ဒိယသည် စီမံကိန်းများ အလျှင်အမြန်ပြီးစီးရေးအတွက် ၂၀၂၁ ဇွန်လဝန်းကျင်က စတင်ကာ တွန်းအားပေး လုပ်ဆောင်လာသည်ကိုတွေ့ရသည်။ တိုက်ပွဲများကြောင့် ရပ်တန့်ထားရသည့် ကုလားတန်ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်းကို ရက္ခိုင့်တပ်တော် AA နှင့် မြန်မာစစ်တပ်တို့ အလွတ်သဘော အပစ်ခတ် ရပ်စဲလိုက်ပြီးနောက် ၂၀၂၃ တွင် လုပ်ငန်းများ အလျှင်အမြန် ပြန်လည်စတင်ခဲ့သည်။ ကုလားတန်စီမံကိန်းသည် ၂၀၂၃ တွင် လုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် အပစ်အခတ် ရပ်စဲမှုမတိုင်ခင် ၂၀၂၂ လယ်ဝန်းကျင်ကတည်းက AA နှင့် အိန္ဒိယ၏ ကြားခံအဖွဲ့တို့ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ရခြင်းဖြစ်သည်။ ၂၀၂၃ ဇန်နဝါရီတွင် ပလက်ဝ-ဇိုရမ်ပူ လမ်းဖောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်စတင်ခဲ့ပြီး လုပ်ငန်း အမြန်ဆုံးအကောင်အထည်ဖော်တွန်းအားပေးနိုင်ရန် IRCON International ကို 'လမ်းစီမံကိန်း အကောင်အထည်ဖော်ရေးအေဂျင်စီ' အဖြစ် ၂၀၂၃ ဖေဖော်ဝါရီတွင် ခန့်အပ်ခဲ့သည်။ စစ်ခေါင်းဆောင်မင်းအောင်လှိုင် ကိုယ်တိုင် စစ်တွေဆိပ်ကမ်းကိုသွားရောက်လေ့လာခဲ့ပြီး ၂၀၂၃ မေလ ၉ ရက်နေ့တွင် စစ်တွေဆိပ်ကမ်းကို ဖွင့်လှစ်နိုင်ခဲ့သည်။ စစ်တွေဆိပ်ကမ်းဖွင့်လှစ်နိုင်မှုကို ဝန်ကြီးချုပ် မိုဒီကိုယ်တိုင် တွစ်တာစာမျက်နှာတွင် ဂုဏ်ယူစွာပြန်တင်ခဲ့သည်။




စစ်တွေဆိပ်ကမ်းစတင်အသုံးပြုနိုင်ခြင်းကို သတင်းကောင်းအဖြစ် အိန္ဒိယဝန်ကြီးချုပ် ပြန်လည်ဝေမျှ

AA နှင့် စစ်ကောင်စီတို့ ယာယီအပစ်အခတ် ရပ်စဲနိုင်ခြင်းကြောင့် ကုလားတန်ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်းကို ပြန်စနိုင်ပြီဖြစ်သော်လည်း မဲခေါင်ဒေသ နိုင်ငံများနှင့် ချိတ်ဆက်ရန်ရည်ရွယ်ထားသည့် သုံးနိုင်ငံ အဝေးပြေးလမ်းမှာမူ စစ်ဇုံအတွင်းကျရောက်ပြီး ရပ်တန့်နေရသည်။ သုံးနိုင်ငံ အဝေးပြေးလမ်းသည် အိန္ဒိယဘက်ခြမ်း အာသံပြည်နယ်ကနေ အိန္ဒိယ မြန်မာနယ်စပ် မိုးရေးမြို့ကိုဖြတ်ပြီး တမူး၊ ကလေးဝ၊ ကနီ၊ မုံရွာ၊ မန္တလေး၊ နေပြည်တော်၊ ပဲခူး၊ ကရင်ပြည်နယ် မြဝတီမြို့နှင့် ထိုင်းနိုင်ငံ မဲဆောက်မြို့အထိ ဆက်သွယ်ထားသည်။ တည်ဆောက်ရေးလုပ်ငန်းများသည် အိန္ဒိယနှင့် ထိုင်းဘက်ခြမ်းတွင် ပြီးနေပြီဖြစ်သော်လည်း မြန်မာနိုင်ငံတွင် အဓိကကျသည့် လုပ်ငန်းများ ကျန်ရှိခြင်းဖြစ်သည်။ စီမံကိန်း တစ်ခုလုံးအနေဖြင့် ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း အိန္ဒိယက ထုတ်ပြန်ထားသည်။




အိန္ဒိယ၏ အဓိကစီမံကိန်းများနှင့် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှု နှိုင်းယှဉ်ပြ မြေပုံ

အဆိုပါစီမံကိန်းများသည် စစ်မက်ပြင်းထန်ရာ စစ်ဇုန်အတွင်းကျရောက်နေသည်။ မြေပုံတွင် အိန္ဒိယ ၏ စီမံကိန်းတည်ရှိရာ နေရာများနှင့် ၂၀၂၃ ဇန်နဝါရီလမှ ဇွန်လအထိ စစ်မက်ဖြစ်ပွားမှု အခြေအနေကို နှိုင်းယှဉ်ဖော်ပြထားခြင်းဖြစ်သည်။ အချက်အလက်များအရ အိန္ဒိယ၏ စီမံကိန်းများ တည်ရှိရာ နေရာများသည် စစ်မက် အပြင်းထန်ဆုံးနေရာများဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ BBC ၏ သတင်းဖော်ပြချက်အရ အိန္ဒိယသည် အဝေးပြေးလမ်းစီမံကိန်း ဆက်လုပ်နိုင်ရေး လမ်းပိုင်းများရှိ လက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့များနှင့် ညှိနှိုင်းမှုများရှိသော်လည်း လက်ခံသူများရှိသလို လက်မခံသူများလည်း ရှိနေပြီး တိုက်ပွဲများကြောင့် ရပ်တန့်ထားရသည်ဟု ဆိုသည်။

# [ဂ] ကုန်သွယ်ရေးနှင့် အခြားဆက်စပ်မှုများ

အိန္ဒိယသည် မြန်မာနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဘက်နိုင်ငံ အဆင့် ၅ တွင် ရှိနေပြီး ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများလည်း ရှိနေသည်။ သွင်းကုန်တွင် အိန္ဒိယသည် မြန်မာနိုင်ငံမှ မတ်ပဲနှင့် ပဲစင်းငုံကို မှီခိုနေရကြောင်းတွေ့ရသည်။ ပြီးခဲ့သည့် ၂ နှစ်ကျော်ကာလအတွင်း အိန္ဒိယသည် မတ်ပဲနှင့် ပဲဇင်းငုံ တင်သွင်းမှုကို အကြိမ်ကြိမ် သက်တမ်းတိုးခွင့်ပြုခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ကနေ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ တင်သွင်းခွင့်ပြုသွားမည် ဖြစ်ကြောင်း အိန္ဒိယက အစိုးရက ထုတ်ပြန်ထားသည်။ ယင်းတင်သွင်းမှုများသည် မြန်မာစစ်ကောင်စီနှင့် နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးကာ အစိုးရချင်း “G to G” ဆောင်ရွက်နေခြင်းဖြစ်သည်။




အိန္ဒိယကုန်သည်ကြီးများအသင်းနှစ်ပတ်လည်စုံညီအစည်းအဝေးသို့ စစ်ကောင်စီ ဝန်ကြီး ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ်တက်ရောက်

စစ်ကောင်စီ စီးပွားကူးသန်းဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စာရင်းများအရ အိန္ဒိယ နှင့် မြန်မာ ကုန်သွယ်မှုတန်ဖိုးသည် အာဏာမသိမ်းခင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဒေါ်လာသန်း ၁၄၀၀ ကျော် ရှိရာကနေ အာဏာသိမ်းပြီးနောက် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ဒေါ်လာ သန်း ၈၀၀ ကျော်အထိ သိသိသာလျော့ကျသွားသော်လည်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်မှ ဒေါ်လာသန်း ၁၃၆၀ ကျော်အထိ ပြန်လည်မြင့်တက်ခဲ့သည်။ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် အစည်းအဝေးနှင့် တွေ့ဆုံဆွေးနွေးရေးများအတွက်လည်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးက ဦးဆောင်ချိတ်ဆက်ပေးနေ သည်ကိုလည်းတွေ့ရသည်။



တမူးနယ်စပ်ကုန်သွယ်ရေးစခန်း/Internet

မြန်မာ့ကမ်းလွန်ပင်လယ်ပြင်မှ သဘာဝဓာတ်ငွေ့များကို အိန္ဒိယအရှေ့မြောက်ပိုင်းပြည်နယ်များသို့ ပို့ဆောင်ရောင်းချနိုင်ရန်အတွက် ၁၉၉၀ ခုနှစ်များအတွင်း ၂ နိုင်ငံ တွေ့ဆုံဆွေးနွေးမှုများဖြင့် ဤပိုက်လိုင်းအတွက် စိတ်ကူးကို အကောင်အထည်ဖော်ခဲ့သည်။ ထို့နောက် ၂၀၀၀ အစောပိုင်းနှစ်များတွင် အိန္ဒိယနှင့် မြန်မာတို့သည် စွမ်းအင်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် သဘောတူညီချက် အသီးသီးကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ၂၀၀၄ ခုနှစ်တွင် အိန္ဒိယ၏ ONGC Videsh Limited (OVL) သည် မြန်မာ့ကမ်းလွန်လုပ်ကွက် A-1 နှင့် A-3 တို့တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေး ထုတ်လုပ်မှု၊ ခွဲဝေမှု စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ONGC Videsh အပါအဝင် အိန္ဒိယကုမ္ပဏီများသည် အိန္ဒိယ၏ စွမ်းအင်လုံခြုံရေးအတွက် ပံ့ပိုးပေးသည့် ရတနာပရောဂျက်တွင် အစုရှယ်ယာ ကြီးကြီးမားမား ဝင်ထားခဲ့သည်။

# ၃။ အိန္ဒိယ၏ အရှေ့မြောက်ဒေသအရေးဆိုင်ရာ မြန်မာနှင့် ဆက်ဆံရေး

## [က] အိန္ဒိယအရှေ့မြောက်ဒေသရှိ ခွဲထွက်ရေးလက်နက်ကိုင်များနှင့် မြန်မာစစ်တပ် ဆက်စပ်မှု

အိန္ဒိယသည် မြန်မာစစ်တပ်ကို ထောက်ပံ့မှု တချို့ရှိနေသော်လည်း နှစ်နိုင်ငံ နယ်ခြား နယ်နိမိတ်ပြဿနာများကိုမူ ဖြေရှင်းနိုင်ခြင်း မရှိသေးပေ။ နယ်ခြားမှတ်တိုင်စိုက်ထူရေးနှင့် နယ်စပ်ခြံစည်းရိုးကာရံခြင်းကိစ္စများတွင် အငြင်းပွားနေ ဆဲဖြစ်သည်။ အိန္ဒိယသည် ၁၉၈၈ လူထု အရေးတော်ပုံကာလတွင် မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားသူများဘက်က ပြတ်ပြတ်သားသား ရပ်တည်ခဲ့သူ ဖြစ်သည်။ ယင်းနောက်တွင် မဏိပူရ် ပြည်နယ်လွတ်လပ်ရေး တောင်းဆိုပြီး  အိန္ဒိယ အစိုးရကို လက်နက်ကိုင်တော်လှန်နေသည့်  မဏိပူရ်နှင့် နာဂ ခွဲထွက်ရေး လက်နက်ကိုင်အဖွဲ့များကို အိန္ဒိယ-မြန်မာ နယ်စပ်ဒေသတွင် မြန်မာစစ်တပ်က လက်ခံကူညီပြီး အိန္ဒိယအစိုးရကို ဖိအားပေးခဲ့သည့်နောက် အိန္ဒိယသည် ၁၉၉၀ နှောက်ပိုင်း၌  မူဝါဒပြောင်းလဲခဲ့ကာ မြန်မာစစ်တပ်နှင့် ရင်းနှီးသည့် ဆက်ဆံရေးထူထောင်ရန် ကြိုးစားခဲ့သည်။ မြန်မာ စစ်တပ်ကမူ အိန္ဒိယအစိုးရအား လက်နက်ကိုင်တော်လှန်နေသည့်အဖွဲ့များကို လက်ခံထောက်ပံ့နေမြဲဖြစ်သော်လည်း ဝန်မခံဘဲ နှစ်ပေါင်းများစွာ ငြင်းဆိုနေခဲ့သည်။ မြန်မာစစ်တပ်သည် ၂၀၁၉၊ ၂၀၂၀ ခုနှစ်များတွင်မှ စတင်ကာ အိန္ဒိယ စစ်တပ်နှင့် ပူးပေါင်းပြီး  မဏိပူရ်နှင့် နာဂ ခွဲထွက် ရေးလက်နက်ကိုင်များ၏ စခန်းများကို ရှင်းလင်းသည့် စစ်ဆင်ရေးများ တွင်ပါဝင်ခဲ့သည်။






PLA တပ်သားများကို တွေ့ရစဉ်/ အင်တာနက်



မြန်မာနိုင်ငံနယ်စပ်တနေရာရှိ အိန္ဒိယအရှေ့မြောက်ပိုင်းမှ လက်နက်ကိုင်များ/ Rajeev Bhattacharyya

သို့သော်လည်း စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် မြန်မာ စစ်တပ်သည်  မဏိပူရ်ခွဲထွက်ရေး  လက်နက်ကိုင်များကို ပြန်လည်ထောက်ပံ့ ကူညီပြီး နိုင်ငံရေး၊ စစ်ရေးတွင် အသုံးချရန် ပြန်လည် ကြိုးစားလာခဲ့သည်။ နယူးဒေလီရှိ အိန္ဒိယအစိုးရ အဆင့်မြင့်အရာရှိတစ်ဦး၏ အတည်ပြုချက်ကို ကိုးကားပြီး The Diplomat က ရေးသားထားသည့် သတင်းဆောင်းပါးတွင် အိန္ဒိယနယ်စပ်၊ အာသံပြည်နယ်နှင့် မဏိပူရ်ပြည်နယ်တို့မှ ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA)၊ Kangla Yawol Kanna Lup (KYKL) နှင့် Kangleipak (PREPAK) ၊ ပြည်သူ့ ရီပတ်ဘလစ်ကန်ပါတီ (PREPAK) တို့ အပါအဝင် အဖွဲ့ အသီးသီးတို့က မြန်မာဘက်ခြမ်းရှိ နာဂလူမျိုးစုများ နေထိုင်ရာ ဒေသတွင် တပ်အင်အားများကို ပြန်လည်နေရာချထားသည်ဟု ဆိုသည်။ မြန်မာစစ်တပ်သည် တနိုင်ငံလုံးက လက်နက်ကိုင် ဆန့်ကျင်သူများကို တိုက်ခိုက်နေချိန်တွင် မဏိပူရ်ဘက်မှ လက်နက်ကိုင် အစုအဖွဲ့များနှင့် ရင်းနှီးကျွမ်းဝင်အောင်ပြုလုပ်နေ ကြောင်း၊ အဆိုပါ အဖွဲ့များနှင့် နားလည်မှုအသစ်များ ရရှိခဲ့ သည်မှာ ထင်ရှားကြောင်း၊ နာဂဒေသတွင် အာသံနှင့် မဏိပူရ် ဘက်မှ အိန္ဒိယ အစိုးရကို တိုက်ခိုက်နေသည့် အဖွဲ့များ တိုးလာ နေပြီး အိန္ဒိယအရှေ့မြောက်ပိုင်းတွင် ၎င်းတို့လှုပ်ရှားမှုများ ရေရှည်တည်တံ့ခိုင်မြဲစေရေး သေချာစေရန် ချိတ်ဆက်မှုများနှင့် ထောက်ပံ့ရေးလမ်းကြောင်းသစ်များ ထပ်မံထူထောင်ရန် ဖြစ် နိုင်ခြေရှိပြီကြောင်း၊ ယင်းသို့ တိုးတက်လာခြင်းသည် ဒေသတွင်း လက်နက်ကိုင်ဆန့်ကျင်သူများ၏ လှုပ်ရှားမှု အသစ်တဖန် ပေါ်ထွက်လာနိုင်ခြင်းကြောင့် နယူးဒေလီကို စိုးရိမ်မှုများ တိုးလာ စေခဲ့သည်ဟု The Diplomat က ရေးသားခဲ့သည်။

၂၀၂၁ နိုဝင်ဘာလတွင် မြန်မာနိုင်ငံဘက်မှလာသည့် အိန္ဒိယ PLA ပြောက်ကျားများက အာသံရိုင်ဖယ်တပ်ကို မဏိပူရ်ပြည်နယ်၊ ချူရာ ချန်ပါခရိုင်တွင် ခြုံခိုတိုက်ခဲ့သည်။ ယင်းတိုက်ခိုက်မှုကြောင့် အိန္ဒိယစစ်တပ်မှ ဗိုလ်မှူးကြီး ၁ ဦးနှင့် ဇနီး၊ ၄ နှစ်အရွယ် သားငယ်နှင့် အခြား တပ်ဖွဲ့ဝင် ၁ ဦး သေဆုံးခဲ့ရသည်။ ခြုံခိုတိုက်ခိုက်ပြီး နာရီပိုင်းအကြာတွင် မြန်မာနယ်စပ်ရှိ ၎င်းတို့ခြေကုပ်စခန်းများသို့ PLA တပ်သားများ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ အိန္ဒိယအစိုးရဘက်က မဏိပူရ်ခွဲထွက်ရေးလက်နက်ကိုင်များကို လက်ခံ ထားသည့် မြန်မာစစ်တပ်ကို တောင်းဆိုမှုများရှိခဲ့ရာ ၂၀၂၁ ဩဂုတ်တွင်  အိန္ဒိယ PLA လက်နက်ကိုင် ၆ ဦးကို မြန်မာစစ်တပ်က ဖမ်းဆီးပေး ခဲ့ပြီး ဒီဇင်ဘာတွင် အိန္ဒိယ အစိုးရထံ လွှဲပြောင်းပေးခဲ့သည်။ အိန္ဒိယ ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စာရင်းအရ မဏိပူရ် ပြည်နယ်အတွင်း ခွဲထွက်ရေး လက်နက်ကိုင်များနှင့် တိုက်ခိုက်မှု ဖြစ်ပွားခြင်းမှာ ၂၀၂၀ တွင် ၉၇ ကြိမ်၊ ၂၀၂၁ တွင် ၁၁၂ ကြိမ် ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၁၃၇ ကြိမ်အထိ ရှိခဲ့သည်ဟု သိရသောကြောင့် ၂၀၂၁  ခုနှစ်နှင့် ၂၀၂၂ ခုနှစ် ၂ နှစ်တာအတွင်း တိုက်ခိုက်မှုများ ပြန်လည်မြင့် တက်လာခဲ့သည်။ ထို ၂ နှစ်တာ ကာလအတွင်း အိန္ဒိယ စစ်တပ်ဘက်က ၆ ဦး သတ်ဖြတ်ခံခဲ့ရပြီး အရပ်သား ၁၄ ဦး သတ်ဖြတ်ခံခဲ့ရသည်။

မဏိပူရ်ခွဲထွက်ရေးလက်နက်ကိုင်များကို မြန်မာစစ်တပ်က အိန္ဒိယ–မြန်မာနယ်စပ်တလျှောက် လှုပ်ရှားခွင့်ပြုထားခြင်းသည် အာသံရိုင်ဖယ်တပ်ကဲ့သို့ အိန္ဒိယတပ်များ ဝင်ရောက်ရှင်းလင်းသည့်အခါ လူမျိုးစုတော်လှန်ရေးတပ်များ၊ PDF တပ်ဖွဲ့များနှင့် ထိပ်တိုက်တွေ့ပဋိပက္ခဖြစ်စေရန် ပုံဖော်ထားခြင်းဖြစ်သည်။ အိန္ဒိယ အာသံရိုင်ဖယ်တပ်သည် ချင်းတော်လှန်ရေးတပ်များ အခြေစိုက်ရာအနီး မြန်မာပိုင်နက်အတွင်း ၂ ကြိမ်ဝင်ရောက်ကာ လူဖမ်းဆီးခြင်းနှင့် သေနတ်ပစ်ဖောက်ခြင်းများ ပြုလုပ်ခဲ့သည်။ ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် မြန်မာစစ်တပ် ခွင့်ပြုချက်နှင့် တော်လှန်ရေးတပ်များ၏ သတင်းများကို ရယူစုဆောင်းခြင်းနှင့် နှောက်ယှက်ခြင်းဖြစ်နိုင်သည်ဟု ချင်းတော်လှန်ရေး တပ်များက ယူဆကြသည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်မှ ၂၃ ရက်နေ့များတွင် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် ဟာ့ရှ်ဗာဒန်ရှရင်ဂလာ (Harsh Vardhan Shringla) မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး မြန်မာအာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့သည်။



အာဏာမသိမ်းမီ ကာလများတွင် မြန်မာ–အိန္ဒိယနယ်စပ်တလျှောက် မြန်မာတပ်နှင့် အိန္ဒိယတပ်ဖွဲ့များ ပူးတွဲဆောင်ရွက်ခဲ့သည့်ပုံများ – အင်တာနက်

အဆိုပါတွေ့ဆုံမှုအတွင်း မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများ ရပ်တန့်ရန်နှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး ထိန်းသိမ်းရန်လိုကြောင်း အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်က ပြောကြားပြီး နှစ်နိုင်ငံ နယ်နိမိတ်များတွင် ဆန့်ကျင်ဘက် လှုပ်ရှားမှုများအတွက် အသုံးပြုခွင့်မပေးကြောင်း ကတိကဝတ်ပြုခဲ့ကြသည်။ ယင်းသို့လာရောက်ခြင်းသည် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံသို့ အိန္ဒိယ အဆင့်မြင့် အရာရှိတစ်ဦး ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်ပြီး အိန္ဒိယအရှေ့မြောက်ပိုင်း လုံခြုံရေးအတွက် အိန္ဒိယဘက်က စိုးရိမ်မှုမြင့်တက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အိန္ဒိယအတွင်းဝန်နှင့် ကတိကဝတ်ပြုခဲ့သော်လည်း မြန်မာစစ်တပ်သည် မဏိပူရ်ခွဲထွက်ရေး လက်နက်ကိုင်များ ကို ဆက်လက်လက်ခံထောက်ပံ့နေဆဲ ဖြစ်သည်ကို တွေ့ရသည်။ အဓိကအားဖြင့် ချင်းလက်နက်ကိုင် တော်လှန်ရေးတပ်များနှင့် PDF များကို တိုက်ခိုက်ရာတွင်လည်း မဏိပူရ်ခွဲထွက်ရေးလက်နက်ကိုင်များကို စစ်ကောင်စီက အသုံးပြုနေသည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၃၊ ၁၄ ရက်များတွင်ဖြစ်ပွားခဲ့သည့် ချင်းပြည်နယ်၊ တွန်းဇန်မြို့နယ်၊ စဲနန်ရွာ တိုက်ပွဲနှင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက် တမူးမြို့နယ်တွင်း တိုက်ပွဲများတွင် စစ်ကောင်စီဘက်မှ မဏိပူရ်ခွဲထွက်ရေး လက်နက်ကိုင်များက တိုက်ခိုက်ပေးခဲ့သည်။ ထို့အပြင် မဏိပူရ်ခွဲထွက်ရေး လက်နက်ကိုင်များသည် မြန်မာစစ်တပ် ဝတ်စုံများကို ဝတ်ဆင်ပြီး မြန်မာစစ်တပ်အသုံးပြုသည့် လက်နက်များကိုလည်း အသုံးပြု တိုက်ခိုက်နေသည်ဟု PDF များက ပြောထားသည်။

မြန်မာစစ်တပ်မှ မဏိပူရ်ခွဲထွက်ရေး လက်နက်ကိုင်များ သိသိသာသာပံ့ပိုးနေမှုများသည် မဏိပူရ်ခွဲထွက်ရေးလက်နက်ကိုင်များကို အချိန်တိုအတွင်း အင်အားကြီးထွားလာစေပြီး အိန္ဒိယပြည်တွင်းနိုင်ငံရေး ပဋိပက္ခများကို ပိုမိုကြီးထွားလာစေမည့် လက္ခဏာများဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ ဇွန် ၃၀ ရက်တွင် ကာကွယ်ရေးအတွင်းဝန် မြန်မာနိုင်ငံကို လာရောက်ပြီး အာဏာသိမ်း စစ်ခေါင်းဆောင်မင်းအောင်လှိုင် အပါအဝင် ထိပ်တန်းစစ်တပ်အရာရှိကြီးများနှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ နယ်စပ်လုံခြုံရေးပြဿနာများကို ဆွေးနွေးခဲ့သည်။ ယင်းဆွေးနွေးမှုတွင် အိန္ဒိယနိုင်ငံခြားရေး အတွင်းဝန် လာရောက်စဉ်က ကတိကဝတ်ပြုခဲ့သည့် နှစ်ဖက်နယ်မြေများတွင် ဆန့်ကျင့်သူများကို လက်မခံရေး ထပ်မံ ကတိကဝတ်ပြုခဲ့ကြသည်။ ယခုတကြိမ်လာရောက်ခြင်းသည် အိန္ဒိယမှ အဆင့်မြင့် အရာရှိတဦး ထပ်မံလာရောက်ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံက အရှေ့မြောက်ဒေသလုံခြုံရေးနှင့် တည်ငြိမ်ရေးအတွက် စိုးရိမ်စိတ် ပိုမိုမြင့်မားလာကြောင်း တွေ့ရမည်ဖြစ်သည်။



## [ခ] အိန္ဒိယ-မြန်မာ နယ်စပ်ဒုက္ခသည်အရေး

မြန်မာနိုင်ငံအတွင်း ပဋိပက္ခများကြောင့် မြန်မာပြည်မှ စစ်ဘေးရှောင် အများအပြား အိန္ဒိယ အရှေ့မြောက်ဒေသကို ထွက်ပြေးတိမ်းရှောင်နေရသည်။ ယင်းကဲ့သို့ ဝင်ရောက်ခြင်းကို အိန္ဒိယအစိုးရက စိုးရိမ်ခဲ့ပြီး နယ်စပ်ခြံစည်းရိုးများတိုးမြှင့်ကာရံခြင်း၊ လုံခြုံရေးတိုးမြှင့်ချထားခြင်းနှင့် ရဲကင်းစခန်းများစွာ တိုးချဲ့တည်ဆောက်ခြင်းများ လုပ်ဆောင်ခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေခဲ့သည့် ကုလသမဂ္ဂ၏ အစီရင်ခံစာပါ အချက်လက်များအရ အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ရွှေ့ပြောင်းခိုလှုံသူ ဦးရေ ၄၉,၈၅၀ ဝန်းကျင်ရှိနေပြီဟုသိရသည်။ မီဇိုရမ်ပြည်နယ်တွင် ၃၈,၂၀၀ ဦးရေခန့်ရှိပြီး မဏိပူရ်ပြည်နယ်တွင် ၆၉၅၀ ခန့်ရှိသည်ဟု ထိုအစီရင်ခံစာ က ဖော်ပြထားသည်။



မီဇိုရမ်ရှိ စစ်ဘေးရှောင်စခန်း တခု/NUA

မီဇိုရမ်ပြည်နယ်၏ တာဝန်ရှိသူများသည် မြန်မာစစ်ဘေးရှောင်များအတွက် စားနပ်ရိက္ခာ ထောက်ပံ့ခြင်းများ၊ စိစစ်ရေးကဒ်ပြားများ ထုတ်ပေးခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးပေးခြင်း၊ အခမဲ့ ဆေးခန်းများ ဖွင့်ပေးခြင်း၊ စစ်ရှောင်စခန်းများ ဆောက်လုပ်ပေးခြင်း၊ အခြေခံပညာ သင်ကြားပေးခြင်း စသည့် လူသားချင်းစာနာမှု အကူညီများပေးခဲ့ကြသည်။ မီဇိုရမ်အစိုးရသည် CRPH ကဲ့သို့သော တော်လှန်ရေးအင်အားစုများနှင့် တွေ့ဆုံမှုများရှိခဲ့ပြီး မြန်မာစစ်ရှောင်များကို ကူညီစောင့်ရှောက်ပါမည်ဟုပင် ကတိကဝတ်ပြုခဲ့သည်များလည်း ရှိသည်။ မြန်မာပြည်မှ ဝင်ရောက်လာသည့် စစ်ဘေးရှောင်များကို မီဇိုရမ်ပြည်နယ်ဒေသခံ ပြည်သူများနှင့် မီဇိုရမ်အစိုးရကိုယ်တိုင်လက်ခံကူညီမှုများ ပြုလုပ်ပေးနေသော်လည်း၊ မဏိပူရ်ပြည်နယ်တွင်မူ ဒေသခံ လူမျိုးစုတချို့က လက်ခံလိုခြင်းမရှိသည့်အပြင် ပြည်နယ်အစိုးရကလည်း ကန့်သပ်ချုပ်ချယ်မှုများ ပြုလုပ်ခဲ့သည်များရှိသည်။ မဏိပူရ်ပြည်နယ်အစိုးရသည် ၂၀၂၂ အစောပိုင်း အင်တာဗျူးတခုတွင် မြန်မာပြည်က တိမ်းရှောင်လာသည့် အရပ်သားများကို ကူညီမည်ဟုဖြေကြားထားသော်လည်း ၂၀၂၂ ခုနှစ် မတ်လအတွင်းက စစ်ဘေးရှောင်များကို ကူညီမှုရပ်ဆိုင်းမည်ဖြစ်ကြောင်း ညွှန်ကြားခဲ့သည်များရှိသည်။ ထို့နောက် ဝေဖန်မှုများကြောင့် ညွှန်ကြားချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ရသည်။

အိန္ဒိယနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဒုက္ခသည်ဆိုင်ရာ ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးထားခြင်းမရှိသည့် နိုင်ငံဖြစ်ခြင်းကြောင့် မြန်မာစစ်ရှောင် ဒုက္ခသည်များနှင့်ပတ်သက်၍ တရားဝင်အသိမှတ်ပြုမည်မဟုတ်ကြောင်း ၂၀၂၂ ခုနှစ်တွင် နယူးဒေလီအစိုးရက ထုတ်ပြန်ခဲ့သည်။ မြန်မာစစ်ဘေးရှောင် ဒုက္ခသည်များ ဝင်ရောက်လာခြင်းအပေါ်တွင်လည်း နယ်စပ်စည်းရိုးတလျှောက် တင်းကြပ်မှုများ၊ တားမြစ်မှုများရှိနေပြီး ပြည်နယ်အစိုးရများကိုလည်း ဒုက္ခသည်များ လက်မခံရန် နယူးဒေလီက ဖိအားပေးခဲ့သည်။



မီဇိုရမ်ပြည်နယ်၊ အိုက်ဇောမြို့ရှိ စစ်ဘေးရှောင်စခန်း တခု/Youth For Myanmar

နယ်စပ်ပြည်နယ်များတွင် မြန်မာစစ်ဘေးရှောင်ဦးရေတိုးလာသည်နှင့်အမျှ မူးယစ်ဆေးဝါးနှင့် လက်နက်ဖမ်းဆီးခံရသည့် ဖြစ်စဉ်များပေါ်ပေါက်ခဲ့ပြီး အိန္ဒိယအခြေစိုက် အချို့သတင်းစာများက တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများနှင့် လက်နက်မှောင်ခိုသယ်ဆောင်ခြင်းများမှာ မြန်မာစစ်ရှောင်များနှင့် ပတ်သက်နေသည်ဟု ဖော်ပြလာကြသည်။ ထို့နောက်အိန္ဒိယအစိုးရသည် ဒုက္ခသည်များအပေါ် ကန့်သပ်ချုပ်ချယ်မှုများ ပိုလုပ်ရန်ကြိုးစားလာခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာနနှင့် မဏိပူရ်ပြည်နယ်၊ မီဇိုရမ်ပြည်နယ်တို့မှ တာဝန်ရှိသူများ တွေ့ဆုံခဲ့ကာ မြန်မာစစ်ဘေးရှောင်များ၏ ဇီဝအချက်လက်များ (Biometric Data) ကောက်ခံပြုစုရန် စည်းဝေးညှိနှိုင်းခဲ့ကြသည်။ ဇူလိုင် ၂၉ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ အချက်လက်ကောက်ခံပြုစု သွားရန်ဆုံးဖြတ်ခဲ့ပြီး လက်ရှိတွင် ဇီဝအချက်အလက်များကို ကောက်ယူစုဆောင်မှုများ ပြုလုပ်နေပြီဖြစ်သည်။



မီဇိုရမ်ပြည်နယ်၊ အိုက်ဇောမြို့ရှိ စစ်ဘေးရှောင်စခန်း တခု/Youth For Myanmar

မြန်မာစစ်ဘေးရှောင်များနှင့်ပတ်သက်သည့် အိန္ဒိယအစိုးရ၏ စိုးရိမ်မှုများတွင် လူမျိုးရေးပြဿနာများလည်း ပါဝင်နေသည်။ မဏိပူရ်ပြည်နယ်အတွင်း ယခင်ကထဲက ကသည်းလူမျိုးများနှင့် တောင်ပေါ်လူမျိုးစုများအကြား မသင့်မြတ်မှုများရှိခြင်းကြောင့် မြန်မာဒုက္ခသည်များ ဝင်ရောက်လာချိန်တွင် အခြေအနေများပိုဆိုးမည်ကို အိန္ဒိယက စိုးရိမ်ခဲ့သည်။ ၂၀၂၃ ခုနှစ် မေလအစောပိုင်းတွင် မဏိပူရ်ပြည်နယ်တွင် Meitei (ကသည်း) လူများစုနှင့် တောင်ပေါ်လူမျိုးစု အသိုင်းအဝိုင်းအကြား ပဋိပက္ခများဖြစ်ပွားခဲ့ပြီး လူ ပေါင်း ၁၀၀ ကျော် သေဆုံးခဲ့သည့် ပဋိပက္ခဖြစ်ပွားခဲ့ရာ အဆိုပါ ပဋိပက္ခကိုပင် မြန်မာ့နိုင်ငံရေးမတည်ငြိမ်မှုကြောင့် ဖြစ်ပွားရခြင်းဟု အိန္ဒိယအစိုးရက ထုတ်ပြောလာခဲ့သည်။ Scheduled Tribal status အခွင့်အရေးတစ်ရပ်ကို မကြာမီက ပြဌာန်းခဲ့ပြီး အဆိုပါ ပြဌာန်းချက်တွင် ကသည်းလူမျိုးများကို ပေးထားသည့် အခွင့်အရေးနှင့်ပတ်သက်ပြီး လူနည်းစု တောင်ပိုင်လူမျိုးစုများက ကန့်ကွက်ဆန္ဒပြရာကနေ အပြန်အလှန် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်လာခဲ့ခြင်းဖြစ်သည်။ မဏိပူရ်ပဋိပက္ခသည် ယခုမှအစပျိုးခြင်းမဟုတ်ဘဲ အာဏာပိုင်များ၏ ဖိနှိပ်မှု၊ လူမျိုးစုများအကြား မယုံကြည်မှုများနှင့် နှစ်ရှည်လများ သမိုင်းကြောင်းအရ ရှုပ်ထွေးသည့် အခြေအနေများကြောင့် ဖြစ်ရခြင်းဖြစ်သည်။

## [က] လက်နက်များရောင်းချနေခြင်းနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်ခြင်း

လူမျိုးတုံး သတ်ဖြတ်မှုများ၊ စစ်ရာဇဝတ်မှုပေါင်းများစွာဖြင့် စွဲချက်တင်ခံထားရသည့် မြန်မာစစ်တပ်ကို အိန္ဒိယနိုင်ငံက စစ်လက်နက်ပစ္စည်းများ ရောင်းချခြင်း စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကူညီမှုများ လုပ်ဆောင်ပေးနေခြင်းကြောင့် နိုင်ငံတကာတွင် ဝေဖန်ခံနေရသည်။ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Tom Andrews ၏ ၂၀၂၃ ခုနှစ်၊ မေ ၁၇ ရက်က ထုတ်ပြန်သည့် ဒေါ်လာ ဘီလီယံချီသည့် သေမင်းတမန် လက်နက်ကုန်သွယ်ရေးဆိုသည့် အထူးအစီရင်ခံစာတွင် ပြည်သူများကို သတ်ဖြတ်သည့် လက်နက်များရောင်းချ ကူညီပေးနေသည့် နိုင်ငံ ၅ နိုင်ငံစာရင်းတွင် အိန္ဒိယလည်း ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အိန္ဒိယ အခြေစိုက် ကုမ္ပဏီ ၂၂ ခုသည် မြန်မာစစ်တပ်အတွက် အမေရိကန်ဒေါ်လာ ၅၁ သန်းကျော်ဖိုး စစ်လက်နက်နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချပေးခဲ့ပြီး ယင်းလက်နက်ကုန်သွယ်မှုတွင် ပမာဏအများဆုံး ကုန်သွယ်သူမှာ အိန္ဒိယ အစိုးရပိုင် BHARAT ELECTRONICS LIMITED နှင့် BHARAT DYNMICS LIMITED တို့ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ရောင်းချခဲ့သည့် စစ်လက်နက်ဆိုင်ရာပစ္စည်းများတွင် အဝေးထိန်း လေကြောင်းရန်ကာကွယ်ရေးစနစ်၊ ၁၂၂ မမ အမြောက်ပြောင်းများ၊ ဗုံးများနှင့် အမြောက်များတွင် အသုံးပြုသော သတ္တုဖျူးများ၊ အမျိုးအစား သတ်မှတ်မထားသည့် ခဲယမ်းမီးကျောက်များနှင့် ဒုံးကျည်ထုတ်လုပ်ရေးစနစ်များ၊ သတိပေးစောင့်ကြည့်ခြင်းနှင့် ထိန်းချုပ်မှုစနစ်၊ ဆက်သွယ်ရေးပစ္စည်း၊ ကမ်းရိုးတန်းစောင့်ကြည့်ရေးစနစ်၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ ပါဝင်သည်။


The Billion Dollar Death Trade: The International Arms Networks That Enable Human Rights Violations in Myanmar 5

INDIA

$49m trade direct to the Myanmar military

$2.2m trade to Myanmar-base military suppliers or sanctioned arms dealers

22 unique suppliers

Since the coup, entities within India, including state-owned entities, have shipped at least $51 million USD of arms, raw materials, and associated supplies to the Myanmar military and known Myanmar arms dealers. A total of 22 unique suppliers based in India shipped arms to the Myanmar military.

India's continuing transfer of materials used in surveillance, artillery, and, probably, missiles—all manufactured by state-owned entities—arguably runs afoul of its obligations under customary international law and international humanitarian law. India should have the requisite knowledge that the Myanmar military is committing probable war crimes given the substantial international reporting on this subject. India should therefore be aware that the arms it provides to the Myanmar military—though relatively limited—are likely to be used in the commission of international crimes.

These sales also likely violate India's non-binding obligations under the Wassenaar Arrangement. The types of munitions and equipment India has shipped are listed in the munitions list in sections 1 to 5 of the updated "List of dual-use goods and technologies and munitions list." Myanmar is arguably a "cause for serious concern" to Wassenaar's Participating States, though it is unclear whether there is consensus on this point.

Top supplier companies in USD



India has never been, nor is, a major source of arms to Myanmar, and India has been fulfilling our past obligations. Our exports are very clearly scrutinized... We consider what is in the interest of the people of Myanmar.

- India's Representative Speaking with the Special Rapporteur

Types of arms and associated materials



Arms

- Remote controlled Air Defense Weapon Station
- 122mm barrels for military artillery
- Metal fuses used in bombs and artillery
- Unspecified purchases from ammunition & missile systems manufacturer

Dual-use military supplies

- Alarm monitoring & control system
- Communication equipment
- Coastal surveillance system
- Laboratory equipment

Manufacturing

- Hydraulic presses
- Tube bending equipment

Impact of Indian arms on the people of Myanmar

The transfer of fuses from Sandeep Metalcraft to the Myanmar military via arms broker Creative Exploration has been previously documented by Justice for Myanmar. In its report, JFM highlighted that fuses from Sandeep Metalcraft to the Myanmar military have been used in 84mm recoilless rifle rounds, such as Saab Group's Carl Gustaf rifles. The Myanmar military reportedly used 84mm shells from the Saab rifle in April 2022 in fighting in Karen State.

The 122mm gun barrels supplied by Yantra India to Creative Exploration's sister company Innovative Industrial Technologies in October 2022 are likely used in Howitzers manufactured at KaPaSa factories. Howitzers are towed artillery field guns which the military has used to commit war crimes, including the shelling of villages with devastating impact on the local population.

17 May 2023 Sources: as cited in A/HRC/53/CRP.2 Contact: ohchr-sr-myanmar@un.org

မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ၏ အစီရင်ခံစာ

၁၂၂ မမ အမြောက်ပြောင်းများကို အိန္ဒိယအစိုးရပိုင် Yantra India က ရောင်းချခြင်းဖြစ်ဖြစ်ပြီး၊ ကမ်းရိုးတန်း စောင့်ကြည့်ရေးစနစ်နှင့် အဝေးထိန်းလေကြောင်းရန် ကာကွယ်ရေးလက်နက် စတေရှင်များကို Bharat Electronics Limited တို့က ရောင်းချကြောင်း Justice For Myanmar က ထုတ်ပြန်ထားသည်။ ထို့အပြင် အိန္ဒိယနိုင်ငံ Tonbo Imaging ကုမ္ပဏီကလည်း မြန်မာစစ်တပ် ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးစက်ရုံ (ကပစ) များအတွက် လက်နက်များထုတ်လုပ်နိုင်ရန် ကူညီပံ့ပိုးပေးနေကြောင်း မြန်မာနိုင်ငံဆိုင်ရာ အကြံပေးကောင်စီ (SAC-M) က ထုတ်ပြန်ထားသည်။




လက်နက်ကြီးထိမှန်ထားသည့် ဒီးမော့ဆိုမြို့နယ်အတွင်းက ဘုရားကျောင်း




လက်နက်ထုတ်လုပ်မှု တင်ပို့မှု မြင့်တက်လာကြောင်း အိန္ဒိယဝန်ကြီးချုပ် Twitter တွင် မျှဝေ

အိန္ဒိယ၏ လက်နက်ထုတ်လုပ်တင်ပို့မှုသည် ၂၀၁၆–၂၀၁၇ နှင့် နှိုင်းယှဉ်လျှင် ၂၀၂၂–၂၀၂၃ တွင် ၁၀ ဆ တိုးတက်ပြီး နိုင်ငံပေါင်း ၈၅ နိုင်ငံကို တင်ပို့ ရောင်းချနိုင်နေကြောင်း အိန္ဒိယ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ ဒါ့အပြင် အိန္ဒိယနိုင်ငံကို ကာကွယ်ရေး ပစ္စည်းထုတ်လုပ်မှု၏ ဗဟိုချက်ဖြစ်လာစေရန် အားထုတ်မှုများအတွက် ဆက်လက်ပံ့ပိုးသွားမည်ဟု အိန္ဒိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ အိန္ဒိယက မြန်မာစစ်တပ်ထံ လက်နက်များရောင်းချနေခြင်းကိုရပ်တန့်ရန် နိုင်ငံတကာ အဖွဲ့အစည်းများက အစီရင်ခံစာများ ရေးသားပြုစုကာ တောင်းဆိုခဲ့ပြီး ၂ နှစ်ကျော်ကာလအတွင်း အစီရင်ခံစာများပြုစု တောင်းဆိုမှု ၁၀ ကြိမ်ထက်မနည်းရှိခဲ့သည်။ ထို့အပြင် အိန္ဒိယသည် ၎င်းတို့၏ စစ်ရေးလေ့ကျင့်မှုများတွင် မြန်မာစစ်တပ်ကို ပါဝင်ခွင့်ပေးနေပြီး မြန်မာစစ်တပ်အရာရှိများနှင့်လည်း မကြာခဏ လက်ခံတွေ့ဆုံဆွေးနွေးမှုများရှိနေသည်။ အိန္ဒိယက မူ အာဏာမသိမ်းခင်က ကတိပြုထားသည်များ ဖြစ်သည်ဟု ပြောကြားထားသော်လည်း ၂၀၂၃ အထိ လက်နက်များ တင်ပို့နေသည်ဟု Justic For Myanmar က ထုတ်ပြန်ထားသည်။




မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ၏ အစီရင်ခံစာပါ အချက်အလက်

အိန္ဒိယသည် မြန်မာစစ်တပ်ကို စစ်လက်နက်ပစ္စည်းများနှင့် စစ်ရေး နည်းပညာများ ထောက်ပံ့နေသော်လည်း မြန်မာစစ်တပ်အားကိုးသည့် လက်နက်အဓိက အရင်းအမြစ်သည် ရုရှား၊ တရုတ်နှင့် စင်္ကာပူတို့ ဖြစ်သည်။ အိန္ဒိယအနေဖြင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒကို အကောင်ထည်ဖော်ရန်နှင့် အသက်သွင်းရန် မြန်မာအစိုးရကို လက်နက်များရောင်းချနေခြင်းမှာ ဂုဏ်သိက္ခာကျဆင်းစေရုံသာရှိပြီး ရုရှားနှင့် တရုတ်ကဲ့သို့ မြန်မာစစ်တပ်နှင့် ရင်းနှီးသည့် ဆက်ဆံရေးမျိုး ရရှိလာမည် မဟုတ်ပေ။ လူမျိုးတုံးသတ်ဖြတ်မှုများ၊ စစ်ရာဇဝတ်မှုများဖြင့် စွဲချက်တင်ခံထားရသည့် စစ်တပ်ကို လက်နက်ရောင်းချခြင်းနှင့် စစ်ရေးအရ ပူးပေါင်းဆောက်ရွက်ခြင်း၊ ကူညီခြင်းများသည် အဆိုပါကျူးလွန်သူများကို အားပေးကူညီရာရောက်ပြီး ယင်းပြစ်မှုများအတွက်လည်း တာဝန်ကင်းမည်မဟုတ်ပေ။

## [ခ] စစ်ကောင်စီ၏ တရားမဝင်ရွေးကောက်ပွဲ နှင့် E-ID စနစ် ဖော်ဆောင်မှုတွင် အိန္ဒိယ၏ ပါဝင်ပတ်သက်မှု

အိန္ဒိယသည် စစ်ကောင်စီကို ရုရှားနှင့် တရုတ်ကဲ့သို့ ပံ့ပိုးကူညီမှုတွင် သိသာသည့် ပုံစံမပြသော်လည်း နောက်ကွယ်တွင် စစ်ကောင်စီ၏ ရည်ရွယ်ချက်များ အောင်မြင်စေရန် ပံ့ပိုးကူညီနေသည်။ စစ်ကောင်စီ ရည်ရွယ်ချက်များအတွက် ကူညီပံ့ပိုးရာတွင် အိန္ဒိယဘက်က သိသာသည့် သတင်းထုတ်ပြန်မှုများ မတွေ့ဘဲ စစ်ကောင်စီ ထုတ်ပြန်ချက်များ အရသာ ယင်းသို့ပံ့ပိုးကူညီနေကြောင်း ပေါ်ထွက်လာခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ်၊ မေ ၂၅ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ် Vinay Kumar သည် စစ်ကောင်စီလက်အောက်ခံ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သိန်းစိုးနှင့် နေပြည်တော်၌ သွားရောက်တွေ့ဆုံခဲ့ပြီး စစ်ကောင်စီက ကျင်းပမည်ဆိုသည့် တရားမဝင်ရွေးကောက်ပွဲ အတွက် ပူးပေါင်းဆောင်ရွက်ပါမည်ဟု ကတိစကားများ ပြောကြားခဲ့ကြောင်း စစ်ကောင်စီက ထုတ်ပြန်သည်။ ဒီဇင်ဘာ ၅ ရက်တွင်လည်း တိုင်းနှင့် ပြည်နယ် ၁ ခုစီမှ စစ်ကောင်စီခန့် မြို့နယ်အဆင့် ရွေးကောက်ပွဲ ကော်မရှင်အရာရှိ ၁ ဦးစီနှင့် ခရိုင်အဆင့်နှင့် တိုင်းအဆင့် ရွေးကောက်ပွဲကော်မရှင် အရာရှိ စုစုပေါင်း အယောက် ၃၀ တို့သည် အိန္ဒိယအစိုးရ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံတွင် ရွေးကောက်ပွဲဆိုင်ရာ သင်တန်းတက်ရောက် ခဲ့ကြသည်။ ထိုသင်တန်းနှင့် ပတ်သက်သည့် ကုန်ကျစရိတ်အဝဝကိုပင် အိန္ဒိယအစိုးရက ကျခံခဲ့သည်။ ယင်းအချက်အလက်များကို ကြည့်ခြင်းဖြင့် အိန္ဒိယဝန်ကြီးချုပ် နရင်ဒြာမိုဒီကိုယ်တိုင် ချီးကျူးဂုဏ်ပြုခဲ့သော ၂၀၂၀ ရွေးကောက်ပွဲရလဒ်များကို အိန္ဒိယက ပစ်ပယ်လိုက်ပြီး အာဏာသိမ်း စစ်ကောင်စီ၏ အတုအယောင်ရွေးကောက်ပွဲ ကျင်းပမည်ဆိုခြင်းကို အသိအမှတ်ပြုလိုက်သည့် သဘောကို မြင်တွေ့ရသည်။ ထို့အပြင် အိန္ဒိယသည် မြန်မာနိုင်ငံတွင်း ပဋိပက္ခများကို ၁၉၉၀၊ ၂၀၁၀ ကာလများကဲ့သို့ပင် ရွေးကောက်ပွဲနည်းလမ်းဖြင့် ဖြေရှင်းနိုင်လိမ့်မည်ဟု မှားယွင်းယူဆနေပုံ ရသည်။




ထို့အပြင် စစ်ကောင်စီ၏ နောက်ထပ်ရည်ရွယ်ချက်ဖြစ်သည့် အီလက်ထရောနစ် မှတ်ပုံတင်စနစ် e-ID စနစ်ဖော်ဆောင်မှုကိုလည်း နည်းပညာဆိုင်ရာ ထောက်ပံ့ ကူညီပေးနေသည်။ ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၅ ရက်တွင် အိန္ဒိယအစိုးရ၏ ဖိတ်ကြားချက်အရ စစ်ကောင်စီ လက်အောက်ခံ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြင့်ကြိုင်နှင့် အီလက်ထရောနစ်မှတ်ပုံတင်စနစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မင်းဟိန်းတို့ အဖွဲ့သည် နယူးဒေလီမြို့ရှိ အိန္ဒိယနိုင်ငံအစိုးရ၏ သက်သေခံမှတ်ပုံတင်ဦးစီးဌာန Unique Identification Authority of India (UIDAI) ရုံးချုပ်သို့ သွားရောက်ကာ၂ နိုင်ငံအကြား e–ID စနစ်နှင့် Biometric Data ကောက်ယူမှု လုပ်ငန်းပူးပေါင်း ဆောင်ရွက်နိုင်ရေး၊ ဂဏန်း ၁၂ လုံးပါ နိုင်ငံသားနှင့် နိုင်ငံခြားသား ဒစ်ဂျစ်တယ် မှတ်ပုံတင်စနစ် (Aadhaar စနစ်) လုပ်ဆောင်မှု အပါအဝင် အခြားလိုအပ်သည့် နည်းပညာဆိုင်ရာများ လေ့လာညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ Biometric Data (ဇီဝအချက်အလက်) များကောက်ယူကာ e–ID စနစ်အကောင်အထည်ဖော်ခြင်းသည် သာမာန်အားဖြင့် နိုင်ငံတော်အဆင့် အမျိုးသားသတင်းအချက်အလက်စနစ် တည်ဆောက်မှုဟု ယူဆနိုင်သော်လည်း လက်ရှိတွင် အာဏာသိမ်းစစ်တပ်ကို နိုင်ငံတဝန်းဆန့်ကျင်တော်လှန်နေချိန်ဖြစ်သည်။ ထို့ကြောင့် စစ်ကောင်စီသည် အတိုက်အခံများကို စောင့်ကြည့်၍ ဖိနှိပ်မှုများ ပိုလုပ်ဆောင်လာနိုင်ရန် ယင်းစနစ်ကို အကောင်အထည်ဖော်နေခြင်း ဖြစ်သည်။

# ၅။ သုံးသပ်ချက်နှင့် အကြံပြုချက်များ

အိန္ဒိယသည် မြန်မာစစ်တပ်၏ အာဏာသိမ်းမှုအပေါ် တုံ့ပြန်ရာတွင် သိမ်မွေ့ပြီး ဟန်ချက်ညီသော လက္ခဏာဆောင်လိုဟန်ရှိပြီး ပြင်းထန်သည့် ပြစ်တင်ဝေဖန်မှု၊ တောင်းဆိုဖိအားပေးမှုများ စသော ဝင်ရောက်စွက်ဖက်ခြင်းပြုမှုဟုထင်ရသည့် လုပ်ရပ်များကို ရှောင်ကြဉ်ခဲ့သည်။ ကမ္ဘာ့ထိပ်သီး ဒီမိုကရေစီနိုင်ငံကြီးဖြစ်သည့် အိန္ဒိယနိုင်ငံသည် ပြည်သူများ၏ ဆန္ဒကိုချိုးဖောက်၍ အတင်းအဓမ္မ အာဏာသိမ်းထားသည့် မြန်မာစစ်ကောင်စီအား တရားဝင်မှုပေး ဆက်ဆံမှုများ ပိုမိုလုပ်ဆောင်လာနေပြီး တော်လှန်ရေးအင်အားစုများနှင့် ဆက်ဆံရေးကိုမူ အကျိုးစီးပွားထိခိုက်နိုင်သည့် မြေပြင်ပြဿနာများကို ထိန်းချုပ်ကိုင်တွယ်ရန် လိုအပ်သည့်အချိန်မှသာ ထိတွေ့ဆက်ဆံနေသည့် သဘောများကို တွေ့ရသည်။



အာဏာမသိမ်းခင် အရပ်သားအစိုးရများ ကာလတလျှောက် အိန္ဒိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်အဆင့် တွေ့ဆုံမှုများ/အင်တာနက်

≠




အာဏာသိမ်းပြီးနောက် အမြင့်ဆုံး အတွင်းဝန်အဆင့်ဖြင့်သာ တွေ့ဆုံမှုများ /အင်တာနက်

မြန်မာနိုင်ငံ၏ ပဋိပက္ခများရှည်ကြာနေခြင်းသည် နိုင်ငံရေးတွင် စစ်တပ်ပါဝင် လွှမ်းမိုးချုပ်ကိုင်ထားသောကြောင့် ဖြစ်သည်။ ထိုကဲ့သို့ နိုင်ငံရေးတွင် စစ်တပ်ပါဝင်နေခြင်းသည် မူဝါဒလေ့လာရေးအဖွဲ့ အချို့နှင့် နိုင်ငံအချို့က ယူဆသကဲ့သို့ "မြန်မာ့နိုင်ငံရေးတွင် စစ်တပ်မပါ၍မဖြစ်" ဆိုသည့် အခြေအနေမဟုတ်ဘဲ မြန်မာ့နိုင်ငံရေးတွင် စစ်တပ်ပါဝင်ခြင်းကြောင့်သာ ပဋိပက္ခများရှည်ကြာနေခြင်း ဖြစ်သည်။ ပဋိပက္ခများကို အမှန်တကယ် ချုပ်ငြိမ်းစေနိုင်သူမှာ ပြည်သူများသာဖြစ်ပြီး မြန်မာပြည်သူများ အမှန်တကယ်လိုလားသည်မှာ တရားမျှတမှု ပြန်လည်ရရှိရေးနှင့် စစ်တပ်မပါသည့် အနာဂတ်မြန်မာ့နိုင်ငံရေးကို တန်းတူညီမျှမှုရှိသည့် ဖယ်ဒရယ်ဒီမိုကရေစီစနစ်ဖြင့် တည်ဆောက်နိုင်ရန်သာဖြစ်၍ ဟန်ပြရွေးကောက်ပွဲနှင့် အယောင်ပြ အစိုးရအပြောင်းအလဲ လုပ်ခြင်းမျိုး မဟုတ်ပေ။ မြန်မာပြည်သူများ၏ လိုလားတောင့်တချက်နှင့် စနစ်ပြောင်းတော်လှန်ရေးဖြင့် တည်ဆောက်နေသည့် အနာဂတ်နိုင်ငံရေး မျှော်မှန်းချက်ကို အိမ်နီးချင်းနိုင်ငံကောင်းများအနေဖြင့် မျက်နှာပြောင်တိုက် လစ်လျူရှုရန် (သို့) ဖျက်ဆီးရန် မသင့်ပေ။

အိန္ဒိယလက်ခံထောက်ခံထားသည့် အာဆီယံမှ ၅ ချက်သည် ၂ နှစ်ကျော် ကြာမြင့်ပြီ ဖြစ်သော်လည်း အကောင်အထည်ဖော်နိုင်ခြင်း မရှိပေ။ အာဆီယံမှ ၅ ချက်ကို သတ်မှတ်အတည်ပြုရာတွင် မြန်မာပြင်ပ အုပ်စုနိုင်ငံများဖြင့်သာ ရေးဆွဲထားပြီး လက်တွေ့မြေပြင်တွင် ပါဝင်ပတ်သက်နေသည့် မြန်မာပြည်သူများ၏ ဆန္ဒသဘောထားများ ထင်ဟပ်မနေခြင်းကြောင့် အကောင်အထည်မဖော်နိုင်ခြင်းဖြစ်သည်။ အိန္ဒိယအပါအဝင် နိုင်ငံတကာအနေဖြင့် မြန်မာနိုင်ငံပြည်တွင်းရေး ပြဿနာများကို အဖြေရှာသည့်အခါ မြန်မာပြည်သူများ၏ သဘောထားဆန္ဒများ ထင်ဟပ်နေသည့် မူဝါဒများ ဖြစ်ရန်လိုအပ်သည်။

အိန္ဒိယသည် နိုင်ငံတကာဆွေးနွေးပွဲများနှင့် ကုလသမဂ္ဂ အစည်းအဝေးများတွင် မြန်မာပြည် ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရေးကို အားပေးထောက်ခံကြောင်း အကြိမ်ကြိမ် ပြောဆိုနေသည်။ တဖက်တွင်လည်း မြန်မာစစ်ကောင်စီ၏ ဒီမိုကရေစီ စံနှုန်းနှင့် ဆန့်ကျင်နေသည့် e-ID စနစ်နှင့် Biometric data ကောက်ယူရေး လုပ်ငန်းများတွင် အိန္ဒိယက ပါဝင်ကူညီနေခြင်းနှင့် မြန်မာ့ဒီမိုကရေစီအရေး ပြောဆိုချက်များက ပြောင်းပြန်အချိုးကျနေသည်။ ထို့အပြင် စစ်ကောင်စီ၏ တရားမဝင်ရေးကောက်ပွဲ ဖြစ်မြောက်ရေး အတွက် ကူညီနေခြင်းသည် မြန်မာပြည်ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရေးကို အားပေးထောက်ခံသည့် အသွင် ပုံဖော်နေခြင်းဖြစ်သည်။ အိန္ဒိယကိုယ်တိုင်သည်လည်း မြန်မာစစ်တပ်၏ နှစ်ပေါင်းများစွာ ကိုင်စွဲလာသည့် အလိမ်အညာနှင့် နည်းလမ်းဟောင်းဖြစ်သော "ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပ၍ အနိုင်ရသည့် အစိုးရကို လွှဲပေးမည်" ဆိုသည်ကို နားမယောင်ဘဲ အမှန်တရားနှင့် အရှိတရားကို မြင်အောင်ကြည့်၍ မြန်မာပြည်သူများနှင့် လက်တွဲကာ သမိုင်းကောင်းကို ဖန်တီးရန် တိုက်တွန်းပါသည်။



စစ်ကောင်စီခန့်အရာရှိများ အိန္ဒိယနိုင်ငံ၊ ဘန်ဂလောမြို့တွင် Biometric Data နှင့် E-ID စနစ်များနှင့် ပတ်သက်၍ သွားရောက်လေ့လာခြင်း -စစ်ကောင်စီဝက်ဘ်ဆိုဒ်




တရုတ်နိုင်ငံ၏ ကြားဝင်ကူညီမှုဖြင့် မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များ အာဏာသိမ်းအုပ်စုနှင့် တွေ့ဆုံရန် တရုတ်နိုင်ငံသို့ ရောက်ရှိကြစဉ် (Mongla News)



မြန်မာနိုင်ငံဆိုင်ရာ တရုတ်အထူးသံအမတ်နှင့် မြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင် (၇) ဖွဲ့တို့ တရုတ်နိုင်ငံ ယူနန်၌ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် တွေ့ဆုံခဲ့ပုံ (DMG NewsRoom)

အိန္ဒိယသည် တိုက်ပွဲများကြောင့် ရပ်တန့်ထားရသည့် စီမံကိန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် တော်လှန်ရေးလက်နက်ကိုင်များကို တရုတ်အစိုးရက ကျင့်သုံးသကဲ့သို့ အထက်စီးက ဆက်ဆံညှိနှိုင်းမှုများ ပြုလုပ်နေသည်။ သို့သော် အိန္ဒိယသည် တရုတ်ကဲ့သို့ လူမျိုးစုလက်နက်ကိုင်များအပေါ် သြဇာညောင်းမှု မရှိသည့်အပြင် ၎င်းရင်ဆိုင်နေရသည်မှာ နွေဦးတော်လှန်ရေးကာလအတွင်း ပေါ်ပေါက်လာသည့် လက်နက်ကိုင်အဖွဲ့သစ်များ ဖြစ်သည်။ တရုတ်သည် ယခုကဲ့သို့ သြဇာညောင်းရန် လူမျိုးစုလက်နက်ကိုင်များကို လက်နက်ကူညီမှုအပါအဝင် ကောင်းမွန်သည့် ဆက်ဆံရေးများ နှစ်ပေါင်းများစွာ တည်ဆောက်ထားရခြင်းဖြစ်သည်။ အိန္ဒိယအနေဖြင့် လုပ်ငန်းရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေးအတွင် စစ်ကောင်စီဖြင့်သာ ဆွေးနွေးခြင်းသည် အဆင်ပြေနိုင်မည် မဟုတ်ပေ။ လက်ရှိတွင် စစ်ကောင်စီသည် နိုင်ငံကိုထိန်းချုပ်နိုင်စွမ်း မရှိတော့ဘဲ စစ်မျက်နှာပေါင်းစုံဖြင့် စစ်မီးပတ်လည်ဝိုင်းနေသည်။ ထို့ကြောင့် အိန္ဒိယအနေဖြင့် ၎င်း၏မဟာဗျူဟာ အကျိုးစီးပွားများအတွက် တော်လှန်ရေးအင်အားစုများနှင့်လည်း မကြာခဏ ထိတွေ့ဆက်ဆံပြီး ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရမည်ဖြစ်သည်။

အိန္ဒိယ အရှေ့မြောက်ဒေသရှိ ခွဲထွက်ရေးလက်နက်ကိုင်များကို မြန်မာစစ်တပ်က နှစ်ပေါင်းများစွာ လက်ခံကူညီပေးနေသည်မှာ လက်ရှိအချိန်ထိပင်ဖြစ်သည်။ အိန္ဒိယ-မြန်မာနယ်စပ်တလျှောက် တော်လှန်ရေး တပ်ဖွဲ့များ တစနှင့်တစ ထိန်းချုပ်လာနိုင်နေပြီး ယင်းအခြေအနေကို ထိန်းချုပ်နိုင်ရန် မြန်မာစစ်တပ်သည် မဏိပူရ်ခွဲထွက်ရေး လက်နက်ကိုင်များကို ပိုမို အသုံးချလာနေသည်။ တဖက်တွင် တော်လှန်ရေးတပ်များ၏ အင်အား၊ စုဖွဲ့မှုနှင့် တိုက်ခိုက်နိုင်စွမ်းတို့သည် ၁၉၉၀ ဝန်းကျင်က အခြေအနေများနှင့် မတူကြောင်းကို အိန္ဒိယအနေဖြင့် သိရှိနားလည်ရန် လိုအပ်ပေသည်။ အိန္ဒိယအနေဖြင့် ၎င်း၏ အရှေ့မြောက်ဒေသလုံခြုံရေးအတွက် မြန်မာစစ်တပ်ကို အားကိုးနေခြင်းသည် ရေရှည်တွင် တည်ငြိမ်ရေးထက် ခြိမ်းခြောက်မှုများကိုသာ ပိုဖြစ်စေမည်။ ထို့ကြောင့် အိန္ဒိယအရှေ့မြောက်ဒေသ လုံခြုံရေးအတွက် ရှေးရှုပါက မြန်မာ့တော်လှန်ရေးလက်နက်ကိုင်များနှင့် ရေရှည်ဆက်ဆံရေး တည်ဆောက်ဖို့ လိုအပ်မည်ဖြစ်သည်။




ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ဇွန်လ ၂၀၂၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် အာဏာသိမ်းပြီးနောက် မြန်မာစစ်ဘေးရှောင် ပြည်သူများနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းကြသူများ အခြေအနေပြ မြေပုံ အစိတ်အပိုင်း

မြန်မာ့စစ်ဘေးဒုက္ခသည်များ လက်ခံရေးနှင့် ကူညီရေးတွင် မီဇိုရမ်ပြည်နယ်အစိုးရက လက်ခံပြုလုပ်ပေးသော်လည်း နယူးဒေလီနှင့် မဏိပူရ်ပြည်နယ် အစိုးရတို့က ကန့်သတ်မှုနှင့် ပိတ်ပင်မှုများ ပြုလုပ်ခဲ့သည်။ သို့သော်လည်း အားလုံးမှာ စစ်ဘေးဒုက္ခသည်များ ဝင်ရောက်လာခြင်းကြောင့် ဖြေရှင်းရမည့် ပြဿနာများကိုသာ စိုးရိမ်နေကြပြီး ကူညီစောင့်ရှောက်ရေးထက် စစ်ဘေးဒုက္ခသည်များ၏ ဇီဝအချက်အလက်များကိုပါ ကောက်ခံရယူ၍ ထိန်းချုပ်ကန့်သတ်ရန်သာ ကြိုးစားလာကြသည်။ စစ်ဘေးရှောင်ဒုက္ခသည်များကို ထိန်းချုပ်ကန့်သတ်ခြင်းသည် ပြဿနာများကို ပြေလည်စေနိုင်မယ်မဟုတ်ပေ။ ရာဇဝတ်မှုများ ပဋိပက္ခများ လျော့ကျစေလိုပါက စစ်ဘေးရှောင်များ၏ လူမှုဘဝ တိုးတက်ရေး ကူညီစောင့်ရှောက်မှုများ ပေးရမည်ဖြစ်သည်။ ထို့အပြင် အိန္ဒိယ၏ Neighbourhood First စသော မူဝါဒများတွင် မြန်မာပြည်ကဲ့သို့သော အဓိက အိမ်နီးချင်းနိုင်ငံများမှ စစ်ဘေးဒုက္ခခံစားရသည့် ပြည်သူများကို ကူညီပေးရန်အတွက်လည်း ထည့်သွင်း စဉ်းစားသင့်သည်။ အဘယ်ကြောင့်ဆိုသော် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုနှင့် အိန္ဒိယ၏ အရှေ့မြောက်ဒေသ အေးချမ်းတည်ငြိမ်မှုအတွက် ပူးပေါင်းဖော်ဆောင်ပေးနိုင်မည့် အိမ်နီးချင်းအစစ်အမှန်မှာ မြန်မာနိုင်ငံမှ လုပ်သားပြည်သူများလည်း အပါအဝင် ဖြစ်သည်။

အိန္ဒိယသည် မြန်မာစစ်တပ်ကို စစ်လက်နက်ပစ္စည်းထောက်ပံ့မှု အများဆုံး ၅ နိုင်ငံစာရင်းတွင် ပါဝင်နေပြီး အဆိုပါ စစ်လက်နက်များကို စစ်ကောင်စီက စစ်ရာဇဝတ်ကျူးလွန်ရာတွင် အသုံးပြုနေသည်။ ဗမာ့ရေးရာနှင့် ပဋိပက္ခလေ့လာရေးအဖွဲ့ BACS က ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ ၆ လတာ ကာလအတွင်း စောင့်ကြည့်မှတ်တမ်းတင်ထားသည့် စာရင်းများအရ စစ်ကောင်စီသည် အမြောက်လက်နက်ကြီးများဖြင့် လူနေကျေးရွာ၊ ရပ်ကွက်များကို ပစ်ခတ်မှု ၃၈၀ ကျော်ရှိခဲ့ပြီး လက်နက်ကြီးကြောင့် သေဆုံးသူ အရပ်သား ၂၀၀ ကျော်ရှိခဲ့သည်။ သေဆုံးသူများထဲတွင် အမျိုးသမီးသေဆုံးသူ ၅၀ ကျော်နှင့် ကလေးသေဆုံးသူ ၃၀ ကျော် ပါဝင်သည်။ ဒဏ်ရာရသူလည်း ၅၀၀ ထက်မနည်းရှိခဲ့ပသည်။ ၂၀၂၃ ဇွန်လ ၈ ရက်နှင့် ၉ ရက်များတွင် ဘော်လခဲမြို့နယ်၊ လွယ်ဝိန်းကျေးရွာကို စစ်ကောင်စီက ၁၂၂ မမ အမြောက်ဖြင့် အကြိမ်များစွာ ပစ်ခတ်ခဲ့ကြောင်း တွေ့ရသည်။ ယင်းပစ်ခတ်မှုကြောင့် အရပ်သား ၁ ဦး ထိမှန်သေဆုံးခဲ့သည်။ စစ်ကောင်စီသည် ၎င်းတို့ဝယ်ယူထားသည့် လက်နက်များဖြင့် အရပ်သားပြည်သူများကို သတ်ဖြတ်သည့် စစ်ရာဇဝတ်မှုများ ကျူးလွန်နေသည်။ အိန္ဒိယနိုင်ငံသည် စစ်ကောင်စီကို အမြောက်ပြောင်းများ ရောင်းချထားပြီး စစ်ကောင်စီ၏ အရပ်သားများကို အမြောက်ဖြင့်ဖြစ်ခတ်မှု ဖြစ်စဉ်များတွင် ပါဝင်နေမည်ဖြစ်သည်။ စစ်လက်နက်အစိတ်အပိုင်း ရောင်းချမှုပမာဏကို ကြည့်ပါက အိန္ဒိယ၏ ရောင်းချမှုသည် များပြားသည်ဟု မဆိုနိုင်ပေ။ သို့သော်လည်း စစ်ကောင်စီကို အနည်းငယ် ထောက်ပံ့ခြင်းကပင် စစ်ကောင်စီ ကျူးလွန်သည့် ရာဇဝတ်မှုများ ကျူးလွန်နိုင်ရန် အထောက်အပံ့များဖြစ်နေပြီး နောင်တချိန် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ပြန်လည်ဖော်ဆောင်ချိန်တွင် အိန္ဒိယအနေဖြင့် ယခုဆောင်ရွက်နေမှု၏ နောက်ဆက်တွဲ အကျိုးအပြစ်များကို ရင်ဆိုင်ရမည်လည်းဖြစ်သည်။



မြန်မာစစ်ကောင်စီမှ အသုံးပြုနေသော ၁၂၂ မမ ကို တွေ့ရစဉ် (မြေပြင်မှပေးပို့သည့်ပုံ)

အိန္ဒိယ၏ ယခုအပြုအမူများသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသည့် နိုင်ငံဖြစ်သော်လည်း ကိုယ်ကျိုးစီးပွားနှင့် ပတ်သက်လာပါက ဒီမိုကရေစီစံတန်ဖိုးများအပေါ် အခြေခံစဉ်းစားမှု၊ အလေးထားမှုကို မေးခွန်းထုတ်စရာအဖြစ် တွေ့ရသည်။ အကြီးဆုံးဒီမိုကရေစီနိုင်ငံဖြစ်သည်ဟု သတ်မှတ်ခြင်းခံရသည့် အိန္ဒိယနိုင်ငံအနေဖြင့် ယခုလုပ်ရပ်များကို သတိထား သုံးသပ်ရန် လိုပါသည်။ ယခုကြုံတွေ့နေရသည့် နိုင်ငံရေး၊ စစ်ရေး ပဋိပက္ခများသည် မြန်မာစစ်အုပ်စု၏ ပြည်သူ့ဆန္ဒကို လျစ်လျူရှု၍ ကပြောင်းကပြန်လုပ်ကာ အကြမ်းဖက်မှုများကို ကျူးလွန်နေခြင်းကြောင့်သာ ဖြစ်သည်။ ထိုအချက်ကို အိန္ဒိယအပါအဝင် အိမ်နီးချင်းနိုင်ငံများက လစ်လျူရှုလျှင် ယခုပဋိပက္ခများသည် ပိုမိုကြပ်တည်းလာမည်သာ ဖြစ်သည်။ အိန္ဒိယအပါအဝင် မြန်မာ့အိမ်နီးချင်းနိုင်ငံများသည် မြန်မာ့အရေးကို ပါဝင်ကိုင်တွယ်ရန် ကြိုးပမ်းရာတွင် ဒီမိုကရက်တစ်အင်အားစုများနှင့် စစ်ကောင်စီကို တော်လှန်နေသည့် NUG၊ NUCC၊ CRPH အပါအဝင် တော်လှန်ရေးအင်အားစုများကို တရားဝင်တွေ့ဆုံခြင်းမရှိဘဲ မြန်မာစစ်ကောင်စီနှင့်သာ တွေ့ဆုံဆွေးနွေး အဖြေရှာရန် ကြိုးစားကာ လမ်းမှားကို လျှောက်နေကြသည်။ စစ်ကောင်စီကို ကူညီထောက်ပံ့ပြီး ပူးပေါင်းဆောင်ရွက်နေခြင်းသည် မြန်မာနိုင်ငံအတွင်း ပြဿနာများကို ဖြေရှင်းနိုင်ခြင်းမရှိသည့်အပြင် ပဋိပက္ခများကို မီးစာထည့်ပေးသကဲ့သို ပိုမို လောင်ကျွမ်းစေမည်သာ ဖြစ်သည့်အပြင် အိန္ဒိယအတွက်လည်း ရေရှည်အကျိုးယုတ်မည်သာ ဖြစ်သည်။

## ၆။ အကိုးအကားနှင့် အညွှန်းများ

၁။ Act East Policy Press Information Bureau, Government of India, Ministry of External Affairs
၂။ At every step of the way 1.25 billion people of India will stand by Myanmar: PM Modi
၃။ PM Modi meets State Counsellor of Myanmar, Ms. Aung San Suu Kyi
၄။ BIMSTEC Leaders' Retreat 2016 Outcome Document
၅။ PM Modi & Myanmar State Counsellor Ms. Aung San Suu Kyi at Joint Press Statements
၆။ Sr. Gen. U Min Aung Hliang, Commander-in-Chief of the Myanmar Defence Services calls on PM
၇။ Prime Minister Modi meets Myanmar President Htin Kyaw in Nay Pyi Taw
၈။ Senior General Min Aung Hlaing, Commander-in-Chief of Myanmar Defence Services, calls on PM Modi
၉။ Prime Minister meeting with State Counsellor of Myanmar
၁၀။ India-Myanmar Joint Statement during the State Visit of the President of Myanmar to India
၁၁။ India one of eight countries at Myanmar Armed Forces Day parade
၁၂။ Shri Vinay Kumar appointed as the next Ambassador of India to the Republic of the Union of Myanmar
၁၃။ Indian foreign secretary meets military junta chief, NLD members; emphasises 'Myanmar's return to democracy'
၁၄။ Mekong Ganga Cooperation (MGC) Plan of Action (2019-2022)
၁၅။ India Myanmar discuss border issues, connectivity projects in virtual meet
၁၆။ Met H.E. U Than Swe on the sidelines of the Mekong Ganga Cooperation (MGC) meeting in Bangkok today.
၁၇။ Press Statement on developments in Myanmar February 01, 2021
၁၈။ QUESTION NO.2743 MYANMAR MILITARY COUP March 10, 2021
၁၉။ QUESTION NO.2651 MILITARY RULE IN MYANMAR March 18, 2021
၂၀။ Official Spokesperson's response to media queries on the ASEAN initiative on Myanmar agreed to at the ASEAN Summit held on April 24
၂၁။ Shri Vinay Kumar appointed as the next Ambassador of India to the Republic of the Union of Myanmar
၂၂။ Visit of Foreign Secretary Shri Harsh Vardhan Shringla to Myanmar (December 22-23, 2021) (34718)
၂၃။ Visit of Foreign Secretary Shri Harsh Vardhan Shringla to Myanmar (December 22-23, 2021) (34723)
၂၄။ Defence Secretary visits Myanmar: Discusses matters relating to India's security with the country's senior leadership
၂၅။ BIMSTEC History
၂၆။ India-Japan Summit Joint Statement Partnership for a Peaceful, Stable and Prosperous Post-COVID World
၂၇။ U.S.-India Joint Leaders' Statement: A Partnership for Global Good (September 24, 2021)
၂၈။ လန်ချန်း-မဲခေါင် သမားရိုးကျမဟုတ်သောလုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲကို မြန်မာနိုင်ငံတွင် ကျင်းပ
၂၉။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိန္ဒူရိုးရာပွဲတော်များတွင် အထွဋ်
မြတ်ဆုံး ပွဲတော်တစ်ခုဖြစ်သည့် ဒီပါဝလီ မီးထွန်းပွဲတော်သို့ တက်ရောက်ချီးမြှင့်
၃၀။ Transcript of Special Briefing by Secretary (East) on Vice President's visit to Cambodia (November 10, 2022)
၃၁။ Visit of Foreign Secretary to Myanmar (November 20-21, 2022)
၃၂။ 10th meeting of the BIMSTEC Joint Working Group on Counter Terrorism and Transnational Crime (JWG-CTTC)
၃၃။ Transcript of Weekly Media Briefing by the Official Spokesperson (January 19, 2023)
၃၄။ QUESTION NO-1604 FOREIGN POLICY February 10, 2023
၃၅။ Joint Statement: Quad Foreign Ministers' Meeting
၃၆။ Transcript of Weekly Media Briefing by the Official Spokesperson (April 13, 2023)
၃၇။ PM hails inaugural run of vessel from Syama Prasad Mookerjee Port to Sittwe Port Myanmar developed under Kaladan Multi Modal Transit Transport Project
၃၈။ PM hails inaugural run of vessel from Syama Prasad Mookerjee Port to Sittwe Port Myanmar developed under Kaladan Multi Modal Transit Transport Project

၃၉။ Shri Shantanu Thakur flags off MV-ITT LION (V-273) from Syama Prasad Mookerjee Port, Kolkata as the inaugural shipment to operationalise the Sittwe Port in Rakhine State of Myanmar

၄၀။ Fatal Business: Supplying the Myanmar Military's Weapon Production | 16 January 2023

၄၁။ Jaishankar, Blinken have 'productive discussion', Indian side highlights vaccine partnership

၄၂။ တရုတ်-မြန်မာလမ်းကြောင်းသစ်ကို စူးစမ်းလေ့လာ - လမ်းကြောင်းကို အတူတကွတည်ဆောက်၍ ပလပ်ဖောင်းကို အတူတကွ မျှဝေကာ ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွမြှင့်တင်မည်

၄၃။ တရုတ်-မြန်မာလမ်းကြောင်းသစ် (မြန်မာ-ပေါင်ရှန်းဖူဖြောင်-ချိန်တူး) ကားလမ်း-မီးရထားလမ်း ပူးတွဲပို့ဆောင်ခြင်းသည် အဘယ့်ကြောင့် အရေးကြီးသနည်း

၄၄။ အာဆီယံ-တရုတ်ဆက်ဆံမှုနီးကပ်ခြင်းသည် နှစ်ဦးနှစ်ဖက်တို့၏ ဘုံအကျိုးစီးပွားနှင့် ကိုက်ညီဟု အင်ဒိုအရာရှိ ဆို

၄၅။ တရုတ်-မြန်မာလမ်းကြောင်းသစ်ကို လှည့်လည်လျှောက်လှမ်း ။ ။ စတုတ္ထအကြိမ်မြောက် မြန်မာ(လားရှိုး)-တရုတ်(လင်ချန်း) နယ်စပ်စီးပွားကုန်သွယ် ကုန်စည်ပြပွဲ မေလ ၂၅ ရက်နေ့တွင် ဖွင့်ပွဲအခမ်းအနားကျင်းပမည်

၄၆။ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ချင်ကန်းနှင့် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေ တွေ့ဆုံဆွေးနွေး

၄၇။ အနောက်ပိုင်း ကုန်းတွင်း-ပင်လယ်စကြံသစ်၏ ပထမဆုံး နယ်စပ်ဖြတ်ကျော် ရထားလမ်း-ကုန်းလမ်း ပူးတွဲပို့ဆောင်ရေး ရထားတွဲ (ချုံချင့်-ရွှေလီ-မြန်မာ) အောင်မြင်စွာ ပြေးဆွဲခဲ့

၄၈။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ၇ နှစ်ဂုဏ်ပြုမှုအခမ်းအနား မြန်မာနိုင်ငံတွင် ကျင်းပ

၄၉။ တရုတ်-မြန်မာ နယ်စပ်ရှိ ရွှေလီအပြည်ပြည်ဆိုင်ရာ ကုန်းတွင်းဆိပ်ကမ်းမြို့သစ် ပထမအသုတ်စီမံကိန်း စတင် တည်ဆောက်လျက်ရှိ

၅၀။ INDIGENOUS DEFENCE PRODUCTION

၅၁။ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Vinay Kumar အား တွေ့ဆုံ၊ e-ID စနစ်လုပ်ငန်းနှင့် သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းတို့အတွက် နည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပံ့ပိုးကူညီပေးနိုင်ရေးဆွေးနွေး။

၅၂။ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား e-ID စနစ်လုပ်ငန်းပူးပေါင်း ဆောင်ရွက်နိုင်ရေးလေ့လာရန် အိန္ဒိယနိုင်ငံသို့ ထွက်ခွာ၊ နယူးဒေလီမြို့ရှိ UIDAI ရုံးချုပ်သို့ သွားရောက်၍ Aadhaar စနစ်၏ လုပ်ငန်းဆောင်ရွက်မှုများအား ညှိနှိုင်းဆွေးနွေး

၅၃။ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ အိန္ဒိယနိုင်ငံ ဘန်ဂလောမြို့ရှိ UIDAI ၏ နည်းပညာဗဟိုဌာန (ဘန်ဂလော) နှင့် IIIT Bangalore သို့ သွားရောက်၍ Aadhaar စနစ်နှင့် MOSIP စနစ်တို့၏ နည်းပညာဆိုင်ရာများ လေ့လာညှိနှိုင်းဆွေးနွေး

၅၄။ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ အိန္ဒိယနိုင်ငံ ဘန်ဂလောမြို့ရှိ UIDAI ၏ နည်းပညာဗဟိုဌာန (ဘန်ဂလော) နှင့် IIIT Bangalore သို့ သွားရောက်၍ Aadhaar စနစ်နှင့် MOSIP စနစ်တို့၏ နည်းပညာဆိုင်ရာများ လေ့လာညှိနှိုင်းဆွေးနွေး

၅၅။ စစ်ကောင်စီနှင့် ပူးပေါင်းသည့် ကသည်းသူပုန်များကို ချင်းအဖွဲ့များ ဆက်တိုက်နေ

၅၆။ Indian Rebel Outfits Regrouping in Myanmar Again

၅၇။ Myanmar's Military Launches Airstrikes Near Indian Border

၅၈။ INSURGENCY IN NORTH EAST - Ministry of Home Affairs, North East Division

၅၉။ The Billion Dollar Death Trade: The International Arms Networks that Enable Human Rights Violations in Myanmar

၆၀။ The Billion Dollar Death Trade: The International Arms Networks That Enable Human Rights Violations in Myanmar | Special Rapporteur on the situation of human rights in Myanmar

၆၁။ Daily Briefing in Relation to the Military Coup - AAPP

၆၂။ The World Bank In Myanmar - Overview

၆၃။ Call for contributions: international community's treatment of those fleeing Myanmar

၆၄။ SEEKING JUSTICE BEYOND BORDERS FOR VICTIMS AND SURVIVORS OF SEXUAL VIOLENCE IN MYANMAR

၆၅။ Department of Defence Production - India

၆၆။ Press Information Bureau - Government of India

၆၇။ Justice for Myanmar

၆၈။ Defence exports will continue to grow exponentially under PM Modi's leadership: Raksha Mantri Shri Rajnath Singh

မြန်မာပြည်သူများ၏ အသံကို လေးစားပါ။
ပြည်သူ့ဆန္ဒသာလျှင် တခုတည်းသော အာဏာဖြစ်သည်။




ဗမာ့ရေးရာနှင့် ပဋိပက္ခလေ့လာရေး (BACS) နှင့်
INDIA FOR MYANMAR တို့ ပူးပေါင်းပြုစုသည်။

info@burmaacs.org
info@india4myanmar.net